မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၆၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိမိတို့အစိုးရလက်ထက်တွင် တောင်သူလယ်သမားများ၏အကျိုးကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးမည်

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်

နေပြည်တော် ဇွန် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း မျိုးသန့်၊ မျိုးပွားစပါးထုတ်လုပ်မှု လုပ်ငန်းခွင်သို့ လာရောက်လေ့လာကြသော ပအိုဝ်း၊ ပလောင်၊ ဓနု၊ နာဂ၊ ကိုးကန့်၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ခြောက်ဦးနှင့် ရခိုင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး စုစုပေါင်း ခုနစ်ဦးတို့အား ဒေသအလိုက် မျိုးသန့်၊ မျိုးပွားစိုက်ခင်းများ ထူထောင်နိုင်ရန်အတွက် သုတေသနပြုလုပ်ထားသည့် မျိုးပြန့်ပွားနိုင်သော အထွက်ကောင်း စပါးမျိုးစေ့များကို ဒေသတစ်ခုလျှင် မျိုးသန့်မျိုးပွား ၁၀ ဧကစီ စိုက်ပျိုးရန် ဧက ၆၀ စာ ကီလို ၄၂၀ နှင့် ရခိုင်ပြည်နယ်အတွက် ဧက ၁၀၀ စာ ကီလို ၇၀၀ စုစုပေါင်း ၁၁၂၀ ကီလိုကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးက သီးနှံများစိုက်ပျိုးရာတွင် မျိုးစေ့၏ အဓိကအရေးပါမှု အခန်းကဏ္ဍအား ရှင်းလင်းပြောကြားပြီး မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ခေတ်မီစက်ကိရိယာဖြင့် သန့်စင်ဆောင်ရွက်နေမှုများနှင့် အခြောက်ခံစက်၊ ဆေးဆိုးစက်၊ ထုပ်ပိုးစက်များဖြင့် အဆင့်ဆင့် မျိုးစေ့များ ထုတ်လုပ်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးအတွက် မျိုးစေ့များ၊ ပုလဲသွယ်ဆန်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုလဲသွယ်စပ်မျိုးစပါး စနစ်တကျသိုလှောင်ထားရှိသော ဂိုဒေါင်သို့ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ***စာမျက်နှာ ၆ ကော်လံ ၁*** ❖

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်း မျိုးသန့်၊ မျိုးပွားစပါးထုတ်လုပ်မှု လုပ်ငန်းခွင်သို့ လာရောက်လေ့လာကြသော ပအိုဝ်း၊ ပလောင်၊ ဓနု၊ နာဂ၊ ကိုးကန့်၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ခြောက်ဦးနှင့် ရခိုင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးတို့အား လိုက်လံရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၁

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။ ***စာမျက်နှာ ၈ ကော်လံ ၄*** ◆

ရခိုင်ပြည်နယ်အတွင်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်း ဦးဆောင်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာမျိုးသန့်တို့ ပါဝင်သော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့သည် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကူးစက်ရောဂါ ***စာမျက်နှာ ၆ ကော်လံ ၅*** ■

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအဖွဲ့ ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၂၂ ရက်)

ဝန်းကျင်တစ်ခွင်အလှဆင်ဖို့ သစ်ပင်များကိုစိုက်ကြမည်

ကမ္ဘာမြေ၏ ရာသီဥတုညီညွတ်မျှတမှုသည် သစ်တောသစ်ပင်များ ပေါက်ရောက်မှုနှင့် ရေရှည်တည်တံ့ရေးထိန်းသိမ်းနိုင်မှုအပေါ် မူတည်ပေသည်။ သစ်တောသစ်ပင်များ ပြုန်းတီးမှုများလာပါက ကမ္ဘာ့ရာသီဥတုကို ထိခိုက်နိုင်ပေသည်။

ကမ္ဘာကြီးပူနွေးလာခြင်း၏အကျိုးဆက်အဖြစ် ဖြစ်ပေါ်လျက်ရှိသော ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားတိုက်ဖျက်ရာတွင် သစ်ပင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော အဖိုးတန်ရတနာတစ်ပါးဖြစ်သည်။

ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးက သဘာဝသစ်တောကြီးများကို စနစ်တကျ စီမံအုပ်ချုပ်ထိန်းသိမ်းလျက်ရှိသည့်အပြင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ မြို့ပြကျေးရွာများတွင် သစ်ပင်များစိုက်ပျိုးခြင်း စသည်တို့ကို အလေးထားဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရသည်။

မြန်မာနိုင်ငံတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ယမန်နှစ်မိုးရာသီကာလတွင် နိုင်ငံတစ်ဝန်းလုံး သစ်ပင်စိုက်ပျိုးခဲ့ကြသည်။ ထိုနှစ် ဇူလိုင်လအတွင်း ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်မျိုးစုံ သန်း ၃၀ ကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ထို့ကြောင့် ယခုအခါ ဒေသအသီးသီးတွင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သာယာလျက်ရှိသည်ကို မြင်တွေ့နေရပေသည်။

ပူပြင်းခြောက်သွေ့သော ဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း၌ ရေဝေရေလဲသစ်တောများထူထောင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖူလုံစေရေးအတွက် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှင့် ယူကလစ်အပင် ၂၀ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း စသည်တို့ကို နှစ်စဉ် မိုးရာသီတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပလျက်ရှိသည်။

သစ်တောသစ်ပင်စိုက်ပျိုးပြုစုပျိုးထောင်ခြင်းသည် နောင်သားစဉ်မြေးဆက်အတွက် လက်ဆင့်ကမ်းအမွေခံကောင်းများ ပေးစွမ်းသည့် လုပ်ငန်းဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ဝန်းကျင်တစ်ခွင်အလှဆင်ကာ စိမ်းလန်းဝါလွင်သည်သာမက ကမ္ဘာကြီးပူနွေးလာမှုကို လျော့နည်းစေပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကိုလည်း ဟန့်တားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ ဝန်းကျင်တစ်ခွင်အလှဆင်ကာ စိမ်းလန်းစိုပြည်ရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ဟန့်တားနိုင်ရေးအတွက် ယခုနှစ်မိုးရာသီတွင် သစ်ပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးကြရန် တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား နိုင်ငံတကာပါလီမန်သမဂ္ဂမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၁

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား နိုင်ငံတကာပါလီမန်သမဂ္ဂ (IPU)မှ Mr. Maron ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီအဆောင် အမှတ်(၁) ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ကော်မတီများမှ အတွင်းရေးမှူးများဖြစ်ကြသော ဦးတိုး၊ ဒေါက်တာစိုးရင်၊ ဦးကိုကိုထွန်း၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပါလီမန် စာကြည့်တိုက်၊ သုတေသနဌာနနှင့် သတင်းဆက်သွယ်ရေးနည်းပညာဌာနများ တိုးချဲ့ဖွင့်လှစ်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

သားဖွားနှင့်မီးယပ်ဆိုင်ရာ ရောဂါများအကြောင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၁

သားဖွားနှင့်မီးယပ်ဆိုင်ရာရောဂါများဖြစ်ကြသည့် သားအိမ်၊ သားဥအိမ်၊ သားဥပြွန်တို့တွင်ဖြစ်ပွားတတ်သော အလုံးအကျိတ်များ၊ သားအိမ်နှင့်သားအိမ်ခေါင်းကင်ဆာ စသည့်ရောဂါများကို ကုသရာတွင် အရွယ်အစားကြီးမားစွာခွဲစိတ်ရန်မလိုဘဲ အမာရွတ်မထင်သည့် မှန်ပြောင်းခွဲစိတ်ကုသနည်းများအကြောင်းကို စင်ကာပူသမ္မတနိုင်ငံ Pacific Healthcare Singapore မှ သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီးက ဇွန် ၂၄ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ဟောပြောမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများနှင့် ဆွေးနွေးလိုသောလူနာများသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း(အထက်) IHBC ပထမထပ် အခန်း (၂၀၃) အမှတ် (၃၆၅/၃၆၇)တွင် ဖိတ်စာထုတ်ယူ၍ ဟောပြောပွဲသို့ အခမဲ့ တက်ရောက်နိုင်ကြကြောင်း သိရှိရသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၁၀ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ် တတိယဆုရ ပြေအေးသက် ရေးသားသည့် 'ငယ်ကျွမ်းချစ်ကဗျာများ' စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၁၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်နှင့် အင်းစိန်မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၁၂ ခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ကျောင်းဝင်း၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ပါမောက္ခ (တာဝန်) ဒေါက်တာသိဂီက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်က သစ်ပင်စိုက်ပျိုးပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက္ကသိုလ်ပါမောက္ခ(တာဝန်)နှင့် ဌာနမှူးများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် မဟော်ဂနီ၊ မယ်ဇယ်၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ကျွန်း၊ ယူကလစ် ပျိုးပင် ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၁၆၆)**

တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သနပ်ပင် ဇွန် ၂၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဖရဲကြီးကျေးရွာ၌ ဇွန် ၆ ရက် နံနက် ၉ နာရီက သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသိန်းရွှေနှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ကိုလတ်နှင့် ကျေးရွာသူ ကျေးရွာသားများ၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် ကျေးလက်အိမ်ရာ ထူထောင်ရေးနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်း စီမံချက်အရ တစ်ရွာတစ်ဧကအတွက် ယူကလစ်ပင် ၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

မူးယစ်ဆေးဝါးနှင့်ပတ်သက်သည်များကို ပြည်သူလူထုအား သိရှိစေရန် ဟောပြောပွဲကျင်းပ

မှုခင်းကျဆင်းရေး ပင်လည်ဘူး၌ ပညာပေးဟောပြော

ပင်လည်ဘူး ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးမင်းဆွေက မှုခင်းကျဆင်းရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဝေ **(အပေါ်ပုံ)**က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မြသောင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းများကို ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(၄၁၆)**

စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ် စာစောင်လှူဒါန်း

အင်္ဂပူ ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကုန်းကျေးရွာရှိ ရွှေမြင့်မိုရ်စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းနှင့်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်တို့က စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာအုပ်စာစောင်များ တိုးပွားရေးတို့ကို ဆွေးနွေးဟောပြောကြသည်။

အလှူငွေနှင့်စာအုပ်စာစောင်လှူဒါန်းပွဲတွင် အလှူရှင်ဦးစံမြတ်မိသားစု ရွှေမြင့်မိုရ်သက်န်းတိုက်က အလှူငွေကျပ် ခုနစ်သိန်း၊ ဒေါက်တာကျော်ရွှေမိသားစု ဟင်္သာတက စာအုပ်စာစောင်၂၀၀ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်ကော်မတီ အတွင်းရေးမှူး ဦးကျော်အောင်ဌေးက စာကြည့်တိုက် အဆောက်အအုံကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီရှိန်က လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်သည် နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊အများပြည်သူ ထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ၂၅ သိန်းဖြင့်တည်ဆောက်ခဲ့သည့် အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိ အဆောက်အအုံဖြစ်သည်။ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်စိုး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းရှိန်နှင့် အလှူရှင် ဦးစံမြတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံအုပ်ကြီးရုံးခန်းမ၌ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မခိုင်သီရိကျော်အား ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတင်ဝင်းကျော်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဘဝအမောပြေ

ခေါ်လာပါ

အာကာဟိန်း-ရေးသားသည်

အမျိုးသားတစ်ဦးသည် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်လာသဖြင့် ဆံပင်ညှပ်သမားက မေးမြန်းလေသည်။

ဆံပင်ညှပ်သမား ။ **။ မင်္ဂလာပါ‥ဆံပင်ညှပ်မလို့လားခင်ဗျာ‥။**

အမျိုးသား ။ ။ မဟုတ်ပါဘူး။

ဆံပင်ညှပ်သမား ။ **။ ဒါဆို‥ဘာကိစ္စများပါလဲ‥။**

အမျိုးသား ။ ။ သိချင်တာလေးရှိလို့ပါ。。။

ဆံပင်ညှပ်သမား ။ **။ ဟုတ်ကဲ့‥ပြောပါ။**

အမျိုးသား ။ ။ ကျွန်တော့်ရဲ့ နှစ်နှစ်အရွယ် သားလေးကို ဆံပင်ညှပ်ပေးချင်လို့ပါ。。သူက အရမ်းဆိုးတယ်ဗျာ。。 ဆံပင်ညှပ်မယ်ပြောလိုက်တိုင်း အော်ဟစ် ငိုယိုနေတော့တာပဲ။

ဆံပင်ညှပ်သမား ။ **။ ဪ‥ကလေးဆိုတော့‥။**

အမျိုးသား ။ ။အဲဒါ。。ကျွန်တော့်သားလေးဆံပင်ညှပ်ပေးရအောင် ဘယ်အချိန်လောက် ခေါ်လာရမလဲ。。။

ဆံပင်ညှပ်သမား ။ **။ ခြောက်နှစ်လောက်ကျရင် ခေါ်လာခဲ့ပါ‥။**

အမျိုးသား ။ ။ "ဗျာ"။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

● *ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသတင်းမှ*

နိုင်ငံတော်၏ Reform Strategy နှင့်အညီ သတ်မှတ်ပေးထားသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ရာ ဝန်ကြီးရုံးဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ဒုတိယရုံးအဖွဲ့မှူးဦးသော်တာရွှေကလည်းကောင်း၊ အနုပညာဦးစီးဌာနမှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးကလည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လည်းကောင်း၊ သမိုင်းသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအတွက် ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွှန်းက လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအတွက် ပါမောက္ခချုပ် ဦးကျော်ဦးကလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအတွက် ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာက လည်းကောင်း အသီးသီးလက်ခံကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးတို့ထံ ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွှန်းတို့က ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ကိုးဦးတို့အား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရ ကျောင်းသားကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်စိုးရဲရင့်အောင်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၅ ဦးအတွက် ငွေကျပ် ၆၀၀၀၀၀၊ တက္ကသိုလ် ကျောင်းသားကျောင်းသူ ၁၄၁ ဦးနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၉၂၄ ဦးတို့အတွက် ပညာသင်ထောက်ပံ့စရိတ် ငွေကျပ် ၂၆၂၄၅၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ပါမောက္ခ ဒေါက်တာသန်းမောင်	ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ခ)	ဦးအေးသောင်း	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန
(ဂ)	ဦးမြင့်နိုင်	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများ(မူကြမ်း)နှင့် လယ်ယာမြေနည်းဥပဒေများ (မူကြမ်း)ရေးဆွဲရေးလုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော် ဇွန် ၂၁

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ (မူကြမ်း)နှင့် လယ်ယာမြေနည်းဥပဒေများ (မူကြမ်း) ရေးဆွဲရေး လုပ်ငန်းကော်မတီ၏ သတ္တမအကြိမ်အစည်းအဝေးကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စည်းဝေးပွဲခန်းမ၌ ကျင်းပရာ (အပေါ်ပုံ) **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ (မူကြမ်း)နှင့် လယ်ယာမြေနည်းဥပဒေများ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း တက်ရောက်အမှာစကားပြောကြားသည်။**

ဒုတိယဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးမှ ဇွန် ၁၉ ရက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားသည့် မိန့်ခွန်း၌ မြေအသုံးချမှု မူဝါဒ (Land Use Policy) နှင့် မြေအသုံးချမှု စီမံခန့်ခွဲရေး (Land Use Management) တို့ကို စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြေယာစနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် မြေယာစနစ် ပြုပြင်ပြောင်းလဲရေး (Land Reform) ကို ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားထားပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ကြားချက်အတိုင်း မိမိတို့ ကော်မတီအနေဖြင့် အထူးသတိပြုလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ကော်မတီကိုယ်စားလှယ်ဝင်များက ယခုအစည်းအဝေးတွင် ရေးဆွဲနေသော နည်းဥပဒေ (မူကြမ်း)အပေါ် အကြံပြုတင်ပြရန်များရှိပါက ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ (မူကြမ်း)အပေါ် အကြံပြုချက်များအရ ထပ်မံစိစစ်ပြုစုထားသော အခန်းဖွဲ့စည်းပုံနှင့် ပါဝင်သည့် နည်းဥပဒေ၊ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဖြည့်စွက်ပြင်ဆင် ပြုစုထားရှိမှုကို ရှင်းလင်းဆွေးနွေးတင်ပြပြီး အစည်းအဝေး တက်ရောက်လာသော နည်းဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ထပ်မံအကြံပြုချက်များရှိပါကလည်း အလျင်အမြန် ပြုစုပေးပို့ကြရန်နှင့် နည်းဥပဒေ (မူကြမ်း)အား အပြီးသတ်စိစစ်ပြုစုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဒက္ခိဏသီရိမြို့ ပထမအဆင့် ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါးဈေးသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၁

နေပြည်တော် ဒက္ခိဏသီရိမြို့ ပထမအဆင့် ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါးဈေးသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါဈေးသစ်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန် တက်ရောက်အားပေးသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်နှင့် ဌာနမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

မင်္ဂလာအချိန်တွင် နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးစိုးရန်နိုင်နှင့် တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းတို့က ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တက်ရောက်လာသူများနှင့်အတူ ဈေးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဒက္ခိဏသီရိ ဈေးပထမအဆင့် ကုန်စိမ်း၊ ကုန်ခြောက်နှင့် သား၊ ငါး ဈေးသည် ဈေးဆိုင်ခန်းပေါင်း ၅၀၄ ခန်းပါရှိပြီး ဆက်လက်၍ R.C ဆိုင်ခန်းပေါင်း ၂၄၀၊ Show Room လေးခန်းနှင့် နှစ်ထပ်ပွဲရုံခန်း ၁၀၈ ခန်းတို့ဖြင့် မြေဧက ၆၃ ဒသမ ၂၅ ဧကပေါ်၌ တည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဒက္ခိဏသီရိဈေးသည် နေပြည်တော်၌ အကြီးဆုံးဈေးကြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးပြောကြား

ဇွန် ၁၆ ရက်က တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ရွှေပုံဝင်းရောင်းဝယ်ရေး သမဝါယမလီမိတက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အမက(၃၂) တာမွေ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရီက သမဝါယမလီမိတက် ဖွဲ့စည်းခြင်းဆိုင်ရာ ဆွေးနွေးပြောကြားစဉ်။ (၀၄၄)

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၁

ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၇၈လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၄၃ လက်မနှင့် ပူတာအိုမြို့တွင် ၃ ဒသမ ၂၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တရုတ်(တိုင်ပေ)၌ မုန်တိုင်းဝင်ရောက်တိုက်ခတ် လေယာဉ်ခရီးစဉ်များဖျက်သိမ်း၊ ကျောင်းများပိတ်ထားရ

တရုတ်(တိုင်ပေ) ဇွန် ၂၁

တရုတ်(တိုင်ပေ)တွင် ဇွန် ၂၁ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်များ ရာနှင့်ချီဖျက်သိမ်းထားရပြီး စာသင်ကျောင်းများလည်း ပိတ်ထားခဲ့ရကြောင်း တရုတ်(တိုင်ပေ)အရာရှိများက ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၈၃ ကီလိုမီတာနှုန်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် နေအိမ်များပျက်စီးခဲ့သည်။ မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ လူထောင်ပေါင်းများစွာကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရသည်။ **(အောက်ပုံ)**

တရုတ်(တိုင်ပေ)ရှိ ကိုဆန်မြို့တောင်ပိုင်းဒေသများတွင် စာသင်ကျောင်းများနှင့် အစိုးရရုံးများ ပိတ်ထားရပြီး မြေပြိုမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်သဖြင့် တောင်ခြေအနီးနေထိုင်သူဒေသခံ ၂၀၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ထို့အတူ ပြည်တွင်းလေကြောင်းခရီးစဉ် ၂၄၇ ခုကိုလည်း ဖျက်သိမ်းထားရသဖြင့် လေဆိပ်များတွင် ခရီးသည်အများအပြား သောင်တင်လျက်ရှိသည်။ ကမ်းလွန်ပင်လယ်ပြင်တွင် သွားလာနေသော သင်္ဘောများနှင့် ရေယာဉ်များကို ကမ်းခြေသို့ အမြန်ဆုံးကပ်ကြရန်လည်း သတိပေးချက်ထုတ်ပြန်ထားသည်။

တိုက်ခတ်ခဲ့

၎င်းမုန်တိုင်းသည် တရုတ်(တိုင်ပေ)ရှိ တိုင်ပေစီးတီးမြို့မှ အနောက်တောင်ဘက် ကမ်းလွန်ကီလိုမီတာ ၁၉၀ ခန့်တွင် စတင်ဖြစ်တည်ခဲ့ခြင်းဖြစ်ကာ တရုတ်(တိုင်ပေ)အတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အမေရိကန် ကိတ်ကာနေဗယ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အက်လက်စ်ဗွီဂြိုဟ်တု အောင်မြင်စွာလွှတ်တင်

ဝါရှင်တန် ဇွန် ၂၁

အမေရိကန်လေတပ်က အက်လက်စ်ဗွီအမည်ရှိဒုံးပျံဖြင့် ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို ဇွန် ၂၀ ရက်က လွှတ်တင်လိုက်ကြောင်း၊ ယင်းဂြိုဟ်တုကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာလွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တု **(ဝဲပုံ)**သည် သတင်းထောက်လှမ်းရေးလုပ်ငန်းများအပြင် ရာသီဥတုဆိုင်ရာသတင်းအချက်အလက်များနှင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းမှနေ၍ ကမ္ဘာမြေလေ့လာရေးလုပ်ငန်းများကို လေ့လာသွားမည်ဖြစ်သည်။ ၎င်းဂြိုဟ်တုသည် သတင်းဆက်သွယ်ရေးဆိုင်ရာ ဂြိုဟ်တုတစ်လုံးကဲ့သို့လည်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

ယင်းဂြိုဟ်တုသည် ယခင်ကလွှတ်တင်ထားသော ဂြိုဟ်တုများထက် သတင်းအချက်အလက်များရယူမှု ပိုမိုလျင်မြန်မည်ဖြစ်ပြီး ပိုမိုပြည့်စုံပြတ်သားသော သတင်းဓာတ်ပုံများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ၎င်းဂြိုဟ်တုကို အာကာသအတွင်း ၂၀၃၀ ပြည့်နှစ်အထိ လွှတ်တင်ထားမည်ဖြစ်သည်။ ထို့အပြင် ဇွန် ၂၈ ရက်တွင် ဒေလ်တာ IVNROL-15 ဂြိုဟ်တုကိုလည်း ဆက်လက်လွှတ်တင်ရန် စီစဉ်ထားသည်။ **(အင်တာနက်)**

အာရှ-ပစိဖိတ်ဒေသ၌ ဂြိုဟ်တုစနစ်သုံးစွဲသူဦးရေ တိုးတက်များပြားလာ



စင်ကာပူ ဇွန် ၂၁

အာရှ-ပစိဖိတ်ဒေသသည် ဂြိုဟ်တုသုံးစွဲမှုဦးရေ တဖြည်းဖြည်းများပြားလာကြောင်း၊ လာမည့်နှစ်အနည်းငယ်အတွင်း အရှိန်အဟုန်ဖြင့် ပိုမိုတိုးမြင့်လာဖွယ်ရှိကြောင်း ကမ္ဘာ့ဒုတိယအကြီးဆုံးဂြိုဟ်တုဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် အက်စ်အီးအက်စ်က ဇွန် ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဂြိုဟ်တုမှရယူသုံးစွဲသည့် အင်တာနက်ချိတ်ဆက်မှုများ၊ ဆက်သွယ်ရေးစနစ်များ၊ မိုဘိုင်းလ်ဖုန်း ပြောဆိုဆက်သွယ်မှုများ၊ ဂြိုဟ်တုတိုက်ရိုက်ရယူသုံးစွဲသည့် ရုပ်မြင်သံကြားလိုင်းများစသည်တို့သည် အာရှ-ပစိဖိတ်ဒေသ၌ အရှိန်အဟုန်ဖြင့် တိုးမြင့်လာလျက်ရှိသည်။

အမေရိကန်အခြေစိုက် အက်စ်အီးအက်စ်ဂြိုဟ်တုလုပ်ငန်း **(ယာပုံ)**သည် အာရှ-ပစိဖိတ်ဒေသမှဂြိုဟ်တုများဝယ်ယူမှုကို တည်ဆောက်ထုတ်လုပ်ပေးလျက်ရှိရာ လာမည့် ၂၀၁၄ ခုနှစ်၌ ဂြိုဟ်တုအသစ် ၁၃ လုံးတည်ဆောက်ပေးရန် အမှာစာရရှိထားပြီးဖြစ်သည်။ ၎င်းဂြိုဟ်တု အသစ် ၁၃ လုံးသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့် တန်ဖိုးရှိသည်။

ထို့အတူ လာမည့် ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ဂြိုဟ်တုမှ နေအိမ်များသို့ တိုက်ရိုက်ချိတ်ဆက်အသုံးပြုမှု များပြားလာမည်ဖြစ်ရာ အာရှဒေသတွင် အနည်းဆုံး နောက်ထပ်ဂြိုဟ်တုသစ်နှစ်လုံး ထပ်မံလွှတ်တင်ရန် လိုအပ်လာမည်ဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသတွင် ဂြိုဟ်တုအသုံးပြုပြီး စီးပွားရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ လူမှုရေးနှင့် သတင်းအချက်အလက် ရယူရေးလုပ်ငန်းများ သုံးစွဲသူဦးရေမှာ လစဉ် ၈၀၀၀၀၀ နှင့် ၁၀၀၀၀၀၀ အကြား တိုးတက်လျက်ရှိသည်။ **(အင်တာနက်)**

ကျေးလက်ဒေသဆင်းရဲမှု နီကာရာဂွာနိုင်ငံလျှော့ချနိုင်

မနာဂွာ ဇွန် ၂၁

နီကာရာဂွာနိုင်ငံသည် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကို သိသိသာသာ လျှော့ချနိုင်ပြီဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများဆိုင်ရာ နိုင်ငံတကာဖောင်ဒေးရှင်းက ဇွန် ၂၁ ရက်တွင် အတည်ပြုပေးလိုက်သည်။

ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုများဆိုင်ရာ နိုင်ငံတကာဖောင်ဒေးရှင်း (ဖီဒက်) ၏ မကြာမီက အစီရင်ခံစာအရ လူဦးရေအများစုမှာ ကျေးလက်ဒေသ၌ နေထိုင်ကြကြောင်း၊ နီကာရာဂွာနိုင်ငံသည် ငါးနှစ်အတွင်း ဆင်းရဲမှုနှုန်းကို ၁၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အနောက်အုပ်စု ထောက်ပံ့ရေးအဖွဲ့အစည်းများနှင့် နီကာရာဂွာအစိုးရတို့ အပြန်အလှန်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ဆင်းရဲမှုနှုန်းကို ယင်းသို့လျှော့ချနိုင်ခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။ **(အင်တာနက်)**



ဂါဇာတွင် အစ္စရေးလေကြောင်းတိုက်ခိုက်မှု နှစ်ရက်အတွင်း ပါလက်စတိုင်းခုနစ်ဦးသေဆုံး

ဂါဇာ ဇွန် ၂၁

အသိမ်းပိုက်ခံ ဂါဇာကမ်းမြောင်တွင် အစ္စရေးစစ်လေယာဉ်များ၏တိုက်ခိုက်မှုကြောင့် ဆယ်ကျော်သက်နှစ်ဦး အပါအဝင် ပါလက်စတိုင်းခုနစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ဇွန် ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အပေါ်ပုံ)**

ဒိုင်အယ်ကာလာမြို့အတွင်း မော်တော်ဆိုင်ကယ်စီးလာသူနှစ်ဦးကို ဇွန် ၁၉ ရက်ညက လေကြောင်းမှ တိုက်ခိုက်ရာ တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့သည်။ စောစောပိုင်းက အစ္စရေးလေကြောင်းတိုက်ခိုက်မှုတွင် ပါလက်စတိုင်း ဆယ်ကျော်သက်နှစ်ဦးသေဆုံးခဲ့သည်။

ဇွန် ၁၈ ရက်ကလည်း ဂါဇာကမ်းမြောင်တွင် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းလေးဦးသေဆုံးခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်အရှေ့ပိုင်းအကြမ်းဖက်မှု အရပ်သားရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ကဘူးလ် ဇွန် ၂၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်မြို့အတွင်း အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ လိုက်ပါသည့်ယာဉ်တန်းကို အကြမ်းဖက်သမားများအဖွဲ့က တိုက်ခိုက်သဖြင့် အရပ်သား ရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦးအပါအဝင် လူ ၁၁ ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားခဲ့ကြောင်း ဇွန် ၂၁ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)** ခို့စ်မြို့တွင် အာဖဂန်နှင့် နေတိုးတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်စဉ် မော်တော်ဆိုင်ကယ်ဖြင့် အသေခံဗုံးခွဲမှု တစ်ရပ် ဇွန် ၂၀ ရက်ကဖြစ်ပွားသည်ဟု အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ နိုင်ငံခြားသား တပ်ဖွဲ့ဝင်အချို့လည်း ဒဏ်ရာရရှိကြောင်း နေတိုးတပ်ဖွဲ့က အတည်ပြုသော်လည်း ထိခိုက်သေဆုံးသည့် တပ်ဖွဲ့ဝင် အရေအတွက်ကိုမူ အတိအကျဖော်ပြခြင်း မရှိပေ။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၁-၆-၂၀၁၂

အာရှ-ပစိဖိတ်ဒေသ၏ ကြွယ်ဝချမ်းသာသူဦးရေ အမြင့်ဆုံးသို့ရောက်ရှိ

အာရှ-ပစိဖိတ်ဒေသတွင် ဒေဥစ္စာကြွယ်ဝချမ်းသာသူဦးရေသည် ၂၀၁၁ ခုနှစ်တွင် ၃ ဒသမ ၃၇ သန်းအထိရှိခဲ့ပြီး ၁ ဒသမ ၆ သန်းမြင့်တက်လာခဲ့ကြောင်း၊ ယင်းသို့တိုးတက်လာခြင်းသည် မြောက်အမေရိကဒေသရှိ ကြွယ်ဝချမ်းသာသူအရေအတွက်ကို ပထမဦးဆုံးအကြိမ်ကျော်ခဲ့ပြီး ကမ္ဘာ့ကြွယ်ဝချမ်းသာသူအရေအတွက်အများဆုံးဖြစ်လာခဲ့ကြောင်း ကနေဒါနိုင်ငံ ကတ်ဂျီမီနီရှိုင်ရယ်ဘဏ်မှ ဇွန် ၂၀ ရက်ကထုတ်ပြန်သည့် ကမ္ဘာ့ကြွယ်ဝချမ်းသာသူစာရင်းများအရ သိရသည်။ အာရှ-ပစိဖိတ်ဒေသရှိ ကြွယ်ဝချမ်းသာသူများ၏ စုစုပေါင်းပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ထရီလီယံသာရှိပြီး မြောက်အမေရိကဒေသရှိ ကြွယ်ဝချမ်းသာသူများ၏ စုစုပေါင်းပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ထရီလီယံအထိရှိမှုကြောင့် ငွေကြေးပိုင်ဆိုင်မှုပမာဏမှာ မြောက်အမေရိကဒေသရှိ ကြွယ်ဝချမ်းသာသူများထက် နည်းနေသေးသည်ကို တွေ့ရှိရကြောင်း အဆိုပါထုတ်ပြန်သည့် စာရင်းတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်၌ ခရီးသည်အဝင်အထွက် ပိုမိုမြင့်တက်

ကမ္ဘာ့ခရီးသည် အဝင်အထွက်အများဆုံး လေဆိပ်တစ်ခုဖြစ်သည့် စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်၌ ယခုနှစ်မေလတွင် ခရီးသည် ၄ ဒသမ ၀၉ သန်းခန့် ဝင်ထွက်သွားလာခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၄ တိုးတက်လာခဲ့ကြောင်း ချန်ဂီလေဆိပ်အုပ်စုမှ တာဝန်ရှိသူများက ဇွန် ၂၀ ရက်တွင်ပြောကြားသည်။ ထို့အပြင် လေကြောင်းခရီးစဉ်ပျံသန်းမှု ၂၇၀၀၀ နီးပါးရှိသဖြင့် နှစ်အလိုက် ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၀ တိုးတက်လာခဲ့သည်ဟုဆိုသည်။ ချန်ဂီလေဆိပ်တွင် ယခုနှစ် ဇန်နဝါရီလမှ မေလအထိ ခရီးသည် ၂၀ ဒသမ ၆ သန်းအထိ ရောက်ရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၀ တိုးတက်ခဲ့သည်။ အဆိုပါ လေဆိပ်၏လေယာဉ်ခရီးစဉ် ၈၀ ရာခိုင်နှုန်းမှာ အာရှတစ်ဝန်း ခရီးစဉ်များဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ ***(အောက်ပုံ)***

တက္ကဆက်ပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သော ဟူစတန်မြို့ အနောက်တောင်ပိုင်းရှိ နိုက်ကလပ်တွင် ဇွန် ၂၁ ရက် နံနက်ပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားသဖြင့် သုံးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။ ပစ်ခတ်မှုဖြစ်ပွားသည်မှာ နံနက် ၃ နာရီခန့်ကဖြစ်ပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အာဖရိကနိုင်ငံများမှ ကလေးသူငယ်တို့ဘဝ

တိုး - ရေးသားသည်

ကင်ညာနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် ဂါနာနိုင်ငံတို့ကဲ့သို့သော အာဖရိကနိုင်ငံများမှ ကလေးသူငယ်သေဆုံးမှုနှုန်း တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်စောင်တွင် မကြာသေးမီက ဖော်ပြလိုက်သည်။ မွေးစမှ အသက် ၁၄ နှစ်အထိ ကလေးသူငယ်ဦးရေမှာ အာဖရိကတိုက် ဆာဟဲတောင်ပိုင်းဒေသတွင် လူဦးရေ စုစုပေါင်း၏ ၄၂ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

ကုလသမဂ္ဂ၏ ခန့်မှန်းချက်များတွင် ထိုဒေသ၌ အသက် ၁၀ နှစ်နှင့် ၁၉ နှစ်အတွင်း လူငယ်များမှာ ၂၀၁၂ ခုနှစ်နှင့် ၂၀၅၀ ပြည့်နှစ်အကြားတွင် ၂၃၇ သန်းတိုးကာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ထိုအသက်အရွယ် လူငယ်လူဦးရေ ၄၁၆ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အာဖရိကတိုက် ဆာဟဲတောင်ပိုင်းဒေသတွင် ငါးနှစ်မပြည့်မီသေဆုံးရသည့်နှုန်းမှာ နှစ်အလိုက် အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရသည်။ ကလေး ၁၀၀၀ လျှင် သေဆုံးသူဦးရေမှာ ၁၉၇၀ ပြည့်နှစ်တွင် ၂၃၄ ဦး၊ ၁၉၈၀ ပြည့်နှစ်တွင် ၁၉၄ ဦး၊ ၁၉၉၀ ပြည့်နှစ်တွင် ၁၇၄ ဦး၊ ၂၀၀၀ ပြည့်နှစ်တွင် ၁၅၄ ဦးနှင့် ၂၀၁၀ ပြည့်နှစ်တွင် ၁၂၁ ဦး အသီးသီးဖြစ်သည်။

ကင်ညာနိုင်ငံ၏ ကလေးသူငယ်သေဆုံးမှုနှုန်းမှာ နှစ်စဉ် ၇ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းလာသည်။ ကွန်ဂိုသမ္မတနိုင်ငံမှ ကလေးသူငယ် အသေအပျောက်မှာ ၁၉၉၀-၂၀၀၉ ခုနှစ်များအတွင်း ၂၁ ရာခိုင်နှုန်း တိုးလာသည်။ ဆာဟဲတောင်ပိုင်းဒေသသည် ကလေးသူငယ် အသေအပျောက်နှုန်း အမြင့်ဆုံးဒေသဖြစ်သည်။ အများဆုံးလျော့နည်းကျဆင်းသည့်နိုင်ငံမှာ မဒါဂါစကာနိုင်ငံဖြစ်ပြီး ၆၀ ရာခိုင်နှုန်းရှိသည်။

ဆာဟဲတောင်ပိုင်းဒေသမှ ပြည်သူတို့၏ ပျမ်းမျှသက်တမ်းမှာ ၁၉၉၀ ပြည့်နှစ်က နှစ် ၅၀ ရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ၅၄ နှစ်ဖြစ်သည်။

စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ပြည့်ဝမှုနှင့် စပ်လျဉ်း၍ ပီလောပီနံ၊ ဆန်၊ ကန်စွန်းဥ၊ လူး၊ ဆပ်၊ နှံစားပြောင်းတို့သည် အာဖရိက ကလေးသူငယ်များ၏ အစားအစာများဖြစ်သည်ကို တွေ့ရသည်။ ကမ္ဘာတစ်ဝန်း ငါးနှစ်မပြည့်မီ သေဆုံးသည့် ကလေးသူငယ်သုံးပုံတစ်ပုံမှာ အာဟာရဓာတ်မပြည့်ဝမှုကြောင့်ဖြစ်ကြောင်း ယူနီဆက်အဖွဲ့က ကြေညာထားသည်။ အဆိုပါ ဒေသ၌ ပုံမှန်အောက် ကိုယ်အလေးချိန်ရှိသည့် ကလေးသူငယ် ၂၀ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် ကြီးထွားနှုန်းတန့်နေသူ ကလေးသူငယ် ၃၉ ရာခိုင်နှုန်းရှိသည်။ ထိုအထဲ ငှက်ဖျားရောဂါက ဒုက္ခပေးသေးသည်။ ၂၀၀၈ ခုနှစ်တွင် ငါးနှစ်အောက် သေဆုံးရသည့် ကလေးသူငယ်ဦးရေတွင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၁၈ ရာခိုင်နှုန်း ပါဝင်သည်။ ထိုနှစ်က အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကြောင့် သေဆုံးရသည့် ကလေးသူငယ် ၅ ရာခိုင်နှုန်း ရှိသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ၂၀၀၉ ခုနှစ်က အေအိုင်ဒီအက်စ်ရောဂါကြောင့် မိဘနှစ်ပါးအနက် တစ်ပါးပါး သို့မဟုတ် နှစ်ပါးစလုံးဆုံးရှုံးခဲ့ရသည့်အသက် ၁၇ နှစ်အရွယ်အထိရှိသော ကလေးပေါင်း ၂ ဒသမ ၅ သန်းရှိသည်။ ဆာဟဲတောင်ပိုင်းဒေသတွင် အေအိုင်ဒီအက်စ်ရောဂါကြောင့် မိဘမဲ့ကလေးပေါင်း ၁၅ သန်းရှိကြောင်း သိရသည်။ အဆိုပါဒေသရှိ ကလေးသူငယ်လေးပုံတစ်ပုံမှာ ကျောင်းနေအရွယ်တွင် ကျောင်းမတက်ကြရပေ။ စုစုပေါင်း ၃၂ သန်းရှိသည်။ ကျောင်းတက်ခွင့်ရကြသည့် ကလေးသူငယ်များအဖို့ ဆရာနှင့် တပည့်ဦးရေ မမျှသည့်အရေးနှင့် ရင်ဆိုင်ရပြန်သည်။ ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ မူလတန်းကျောင်းဆရာတစ်ဦးလျှင် ကျောင်းသား ၉၅ ဦး နှုန်းဖြင့် သင်ကြားပေးရသည်။ ကျောင်းတက်ခွင့်မရသည့် ကလေးသူငယ်များတွင် ၅၄ ရာခိုင်နှုန်းမှာ မိန်းကလေးများ ဖြစ်သည်။ ကျောင်းမနေရသည့် မိန်းကလေးပေါင်း ၁၂ သန်းရှိသည်။

အာဖရိက ဆာဟဲတောင်ပိုင်းဒေသသည် ကမ္ဘာပေါ်တွင် ကလေးအလုပ်သမားအများဆုံးသုံးသည့် ဒေသတစ်ခုဖြစ်သည်။ အသက်ငါးနှစ်မှ ၁၄ နှစ်အတွင်း ကလေးသူငယ်များ အလုပ်လုပ်နေကြသည်ကို တွေ့ရသည်။ ၂၀၀၀-၂၀၁၀ နှစ်များအတွင်း ၃၂ ရာခိုင်နှုန်း အလုပ်လုပ်ကိုင်နေကြသည်ဟု ဆိုသည်။

ထိုသို့သော အခြေအနေတွင် အာဖရိကတိုက် ကလေးသူငယ်များတွင် အများစုမှာ ခေတ်မီနည်းပညာနှင့် ကွန်ပျူတာ၊ အင်တာနက်တို့ကို သုံးစွဲရန် မဆိုထားဘဲ မြင်မှ မြင်ဖူးကြလေမလားဟု တွေးမိသည်။

ဤအထဲတွင် မိုးခေါင်မှု၊ သီးနှံထွက်ညံ့မှု၊ စားနပ်ရိက္ခာ ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် ဆာဟဲဒေသပြည်သူ ၁၈ သန်းအတွက် အရေးပေါ်ရိက္ခာများ လိုအပ်နေကြောင်း သိရသည်။ မကြာသေးမီက ကုလသမဂ္ဂ၏ နှိုးဆော်မှု၊ ယီမင်နိုင်ငံ၌ ပြည်သူ သန်းပေါင်းများစွာတို့၏ ရိက္ခာအကျပ်အတည်းကို ဝိုင်းဝန်း ဖြေရှင်းကြရန် ကဲယား၊ အိုင်အမ်စီ၊ အိုင်အာရ်၊ မာလင်၊ မာစီကော၊ အောက်စဖန်၊ ဆေ့ဖ်သာချီး၊ လဒင်းစသော လူမှုကူညီရေး အဖွဲ့အစည်းများ၏ တောင်းဆိုမှုများကိုကြည့်လျှင် အာဖရိက ကလေးသူငယ်များ၏ အနာဂတ်မှာ စိုးရိမ်ဖွယ်ရာ ဖြစ်နေပါကြောင်း။ ။ ***ကိုးကား-အင်တာနက်***

ဆန်းသစ်တီထွင်

➤ မိုးမြင့်လင်းလက် - ရေးသည် ➤

ရေနှင့်ကုန်း နှစ်မျိုးမောင်းနှင်နိုင်သည့် မော်တော်ကားထုတ်လုပ်ပြီ

နယူးယောက် ဇွန် ၂၁

အမေရိကန်နိုင်ငံ မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် မက်ဝစ်ကုမ္ပဏီက ကမ္ဘာပေါ်တွင် ပထမဆုံး ရေနှင့်ကုန်း နှစ်မျိုးစလုံးမောင်းနှင်သွားလာနိုင်သည့် မော်တော်ကားတစ်မျိုး **(အောက်ပုံ)** ကို တီထွင်ထုတ်လုပ်လိုက်ပြီး စတင်ရောင်းချနေပြီဖြစ်ကြောင်း ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။



Sea Lion ဟု အမည်ပေးထားသော ၎င်းမော်တော်ကားသည် ကားလမ်းပေါ်တွင် တစ်နာရီ ကီလိုမီတာ ၂၉၀ နှုန်း မောင်းနှင်နိုင်ပြီး ရေပြင်၌ တစ်နာရီ ၇၂ ကီလိုမီတာနှုန်း မောင်းနှင်နိုင်သည်။ ၎င်းကားမှာ ပြိုင်ကားအမျိုးအစားဖြစ်ပြီး တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂၉၅၅၀၀ ဖြင့် ရောင်းချနေပြီဖြစ်သည်။

ပြိုင်ကားအမျိုးအစားဖြစ်သော်လည်း ရေလမ်းခရီးနှင့် ကုန်းလမ်းခရီး သွားရမည့် ခရီးစဉ်များအတွက် ရေယာဉ်နှင့် သင်္ဘောများပြောင်းစီးစရာမလိုဘဲ ယင်းကားဖြင့်ပင် တိုက်ရိုက်မောင်းနှင်သွားလာနိုင်မည်ဖြစ်သည်။

Sea Lion ကားသည် တစ်ဦးတည်းမောင်းနှင်စီးနင်းနိုင်ပြီး ကားကိုယ်ထည်ကို ပေါ့ပါးသောအလူမီနီယံဖြင့် ပြုလုပ်ထားကာ မြင်းကောင်ရေအား ၁၇၄ ရှိသော 13 B အမျိုးအစား အင်ဂျင်တပ်ဆင်ထားသည်။ ယင်းအင်ဂျင်မှာ ၁၉၇၄ ခုနှစ်က ထုတ်လုပ်ထားသော မာဇဒါ RX 3 ကားအင်ဂျင်ကို အခြေခံထုတ်လုပ်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

❀ ဇော်ဦးခိုင် - စုစည်းသည်

သမိုင်းမတင်မီခေတ်က ကမ္ဘာ့ရှေးအကျဆုံး သက်ဝင်လှုပ်ရှား ပန်းချီများတွေ့ရှိ

ပါရီ ဇွန် ၂၁

*ပြင်သစ်နိုင်ငံအတွင်းရှိ သမိုင်းမတင်မီခေတ်က ကျောက်လိုဏ်ဂူများတွင် သက်တမ်းအားဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀၀ ဝန်းကျင်က ကျောက်ခေတ်ဂူနံရံ ပန်းချီများသည် သက်ဝင်လှုပ်ရှားမှုရှိသော ပုံရိပ်များအသွင် ရေးခြယ်ထားခြင်းဖြစ်ကြောင်း ပြင်သစ်ပညာရှင်သုံးဦးက ရှာဖွေတွေ့ရှိချက်ကို စာစောင်တစ်စောင်တွင် ရေးသားဖော်ပြခဲ့သည်။ **(အပေါ်ပုံ)***

ရေးသားဖော်ပြ

ကျောက်ခေတ်အနုပညာရှင်များသည် မီးတုတ်များအသုံးပြုပြီး ဂူနံရံများပေါ်တွင် ကာတွန်းပုံစံရုပ်ပုံများကို လှုပ်ရှားသက်ဝင်မှု ဖြစ်ပေါ်စေရန် ဖန်တီးရေးဆွဲခဲ့ကြခြင်း ဖြစ်သည်ဟု သောလုစေးတက္ကသိုလ်မှ မာစီအဇမ်းမာ၊လီမီရေးနှင့် လွတ်လပ်သော ပြင်သစ်အနုပညာသမား ဖလောရန့်ရီဗဲယားတို့က ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

"ကျောက်ခေတ်လူသားပညာရှင်က သူတို့ရေးခြယ်ထားသည့် ပုံရိပ်တွေကို အသက်ဝင်လာအောင် ရည်ရွယ်ထားတာကို တွေ့ရပါတယ်။ ဂူနံရံရုပ်ပုံများမှာ အဓိကအများဆုံးက လှုပ်ရှားပြေးလွှားနေတဲ့တိရစ္ဆာန်များရဲ့ ပုံရိပ်များပါပဲ"ဟု အဇမ်းမာက ရေးသားသည်။

ရေးဆွဲထား

ထိုသမိုင်းမတင်မီက နံရံကျောက်ခေတ်ပန်းချီများသည် တိရစ္ဆာန်တို့၏ အမျိုးမျိုးသော လှုပ်ရှားမှုများကို ရေးဆွဲထားခြင်းဖြစ်သည်။ မီးတုတ်အလင်းပေးမှုမရှိသည့်အချိန်တွင် တိရစ္ဆာန်တို့၏ ဦးခေါင်းပိုင်းများ၊ ကိုယ်ခန္ဓာပိုင်းများ ထပ်၍ဆင့်၍ အစီအရီသာ ရိုးရှင်းစွာ မြင်ရခြင်းဖြစ်သည်။

သို့သော် မီးမောင်းထိုးကာ ကစားကြည့်ပါက နံရံပန်းချီများသည် အစဉ်လိုက်အစီလိုက် ရွေ့လျားမှုသဏ္ဌာန် ဖြစ်ပေါ်ခြင်းဖြစ်သည်။

ကျောက်ခေတ်တွင် တိရစ္ဆာန်ပုံရိပ်များ လှုပ်ရှားသက်ဝင်ရန် လုပ်ဆောင်ပေးသော နည်းပညာများအပေါ် အဇမ်းမာက နှစ်ပေါင်း ၂၀ကျော် အချိန်ပေးကာ သုတေသနပြုခဲ့ခြင်းဖြစ်ပြီး ပြင်သစ်ရှိ လိုဏ်ဂူပေါင်း ၁၂ ဂူအတွင်းရှိ နံရံရုပ်ပုံပေါင်း ၅၃ခုကို စိစစ်ကိုးကားကာ ယခု သုတေသနပြုတွေ့ရှိချက်ကို အများပြည်သူအား တင်ပြခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ခေတ်ဟောင်းအန္တာတိကဒေသ၏ နွေကာလများ ပိုမိုပူနွေးခဲ့မှု သုတေသနပညာရှင်များဖော်ထုတ်

ဝါရှင်တန် ဇွန် ၂၁

ခေတ်ဟောင်းအန္တာတိကဒေသ၏ ရာသီဥတုအခြေအနေသည် နဂိုတွေးထင်ထားသည်ထက်ပို၍ ပူနွေးစိုစွတ်သော ရာသီဥတုမျိုးရှိကြောင်း သုတေသနအသစ် တွေ့ရှိချက်ကို ဇွန် ၁၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**

ရေခဲပြင်ဒေသဖြစ်သော အန္တာတိကဒေသ၏ ကမ်းစွန်ကမ်းဖျားတစ်လျှောက်တွင် သစ်ပင်များ ရှင်သန်ပေါက်ရောက်သော ရာသီဥတုမျိုးရှိခဲ့သည်ဟု နာဆာနှင့်အတူ တက္ကသိုလ်အသိုင်းအဝိုင်းမှ ပညာရှင်တို့ ပူးတွဲသုတေသနပြုမှုအရ တွေ့ရှိခဲ့သည်။

အမေရိကန်တောင်ပိုင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဆာရတ်ဂျေဖီကင်းဦးစီးသော သိပ္ပံပညာရှင်အဖွဲ့၊ လူဝီစီးယားနားပြည်နယ်တက္ကသိုလ်နှင့် နာဆာမှ သုတေသနပညာရှင်တစ်စုတို့က ပူးတွဲသုတေသနပြုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ တွေ့ရှိချက်ကို အွန်လိုင်းတွင် ဖြန့်ချိသော သဘာဝဘူမိသိပ္ပံသတင်းဌာနတွင် ဇွန် ၁၇ ရက်က ဖော်ပြခဲ့သည်။ အဆိုပါ သုတေသနအဖွဲ့သည် Ross Ice ကမ်းဦးရေတိမ်ပိုင်းအောက်ခြေနုန်းအနည်များအတွင်း အပင်သစ်ရွက်တို့ အဆီခဲဖြစ်တည်ကျန်ရစ်သည့် အကြွင်းအကျန်များကို ခွဲခြမ်းစိတ်ဖြာကာ သုတေသနပြုလုပ်ခဲ့ပြီး အန္တာတိကဒေသ ခေတ်ဟောင်း နွေရာသီအပူချိန်ကို ဖော်ထုတ်သိရှိခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်သန်းပေါင်း ၁၅ သန်းနှင့် သန်း ၂၀ ကြားတွင် အန္တာတိကဒေသ ကမ်းခြေတစ်လျှောက်ရှိ နွေရာသီအပူချိန်မှာ ယနေ့ကာလအပူချိန်ထက် ၂၀ ဒီဂရီဖာရင်ဟိုက် ပို၍ပူနွေးပြီး အပူချိန် ၄၅ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့ကြောင်း ၎င်းတို့၏ သုတေသနတွေ့ရှိချက်ကို ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တန်ဇန်းနီးယားကမ်းလွန်၌ သဘာဝဓာတ်ငွေ့သိုက်ကြီးတွေ့ရှိ

ဒါအစ္စလမ် ဇွန် ၂၁

တန်ဇန်းနီးယားနိုင်ငံ ကမ်းလွန်ပင်လယ်ကြမ်းပြင်အောက်၌ ကြီးမားသည့် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၁၉ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါသဘာဝဓာတ်ငွေ့သိုက်ကြီးကို နော်ဝေနိုင်ငံမှ စတာကိုလ်ကုမ္ပဏီနှင့် အမေရိကန်မှ အိက်စ်ဆွန်ကုမ္ပဏီတို့က ပူးတွဲပြီးရှာဖွေခဲ့ခြင်းဖြစ်သည်။ ၎င်းကုမ္ပဏီနှစ်ခုတို့သည် တန်ဇန်းနီးယားနိုင်ငံ ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်ယူရေးအတွက် ပူးတွဲဆောင်ရွက်နေကြသည့် ကုမ္ပဏီများ ဖြစ်ကြသည်။

ယင်းသဘာဝဓာတ်ငွေ့သိုက်ကြီးကို တန်ဇန်းနီးယားနိုင်ငံ လန်ဒီဒေသကမ်းလွန် ကီလိုမီတာ ၈၀ ခန့်အကွာ ရေအောက်ကြမ်းပြင်၌တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသဘာဝဓာတ်ငွေ့သိုက်ကြီးမှ သုံးနှစ်အတွင်းသဘာဝဓာတ်ငွေ့ ကုဗပေ ၂၀ ဒသမ ၉၇ ထရီလီယံအထိ ထုတ်ယူနိုင်မည်ဖြစ်သည်။

ထို့အတူ တန်ဇန်းနီးယားနိုင်ငံကမ်းလွန် မာဇီပင်လယ်အော်အတွင်း၌လည်း သဘာဝဓာတ်ငွေ့သိုက်များကို ဆက်လက်ရှာဖွေသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

Champion Challenge Cup အမျိုးသမီးဖူဆယ်ပြိုင်ပွဲ

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၁

တိုင်းဒေသကြီးနှင့်ပြည်နယ် Champion Challenge Cup ပြိုင်ပွဲ ဒုတိယ အသုတ်ပွဲစဉ်များကို သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိအားကစားဇုန်ရှိ ဖူဆယ်အားကစားပြိုင်ပွဲရုံသို့ သွားရောက်၍အမျိုးသမီးဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဆောက်လုပ်လျက်ရှိသော အားကစားရွာ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း (လယ်ဝေး)ရှိ ကျွမ်းဘားအားကစား လေ့ကျင့်ရေးခန်းမ၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အားကစားလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ Champion Challenge Cup ပြိုင်ပွဲမှ ပဏာမရွေးချယ်ထားသော ဂေါက်သီးရိုက် အားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများနှင့် လက်ဝှေ့၊ အလေးမ၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်(ဘောလုံး)၊ ကရာတေးဒို၊ ပန်ကြပ်ဆီလတ်၊ စက်ဘီး၊ ဂေါက်သီး အားကစားနည်းများ၏ ပြိုင်ပွဲကျင်းပရေးတာဝန်ခံများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများ ဆွေးနွေး

ရန်ကုန် ဇွန် ၂၁

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း (MCEA-Myanmar Construction Entrepreneur's Association) နှင့် ကိုရီးယားနိုင်ငံမှ ICAK (International Contractors Association of Korea) တို့၏ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ချစ်ကြည်ရေး ညစာစားပွဲကို ဇွန် ၂၀ရက် ညပိုင်းက ကရဝိက်နန်းတော်၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ ကိုရီးယားနိုင်ငံမှ ICAK (International Contractors Association of Korea) ဒုတိယဥက္ကဋ္ဌ Mr. Shin Sung Chul က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Kim Hye Yong က အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံကုန်းလမ်းပို့ဆောင်ရေးနှင့်ရေကြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Han man Hee က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ICAK မှ တာဝန်ရှိသူများက ကိုရီးယားနိုင်ငံ၏ ဆောက်လုပ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

စစ်တွေမြို့ စက်ရုံစုရပ်ကွက်အပျက်အစီးများ ရှင်းလင်းဖယ်ရှားမှုနှင့် ကယ်ဆယ်ရေးစခန်းများသို့

ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းနှင့် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဦးစိုးအေးတို့ လိုက်ပါလျက် ဇွန် ၁၈ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ စက်ရုံစုရပ်ကွက်သို့ရောက်ရှိပြီး မီးလောင်ပြင် အပျက်အစီးများအား မြန်မာနိုင်ငံ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မင်းဂံရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့် မင်းဂံအကွက်(၈)မွေ့ရာရုံတို့၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်စုမိသားစုဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာ၌ ဖွင့်လှစ်ထားရှိသည့် နယ်မြေခံဆေးတပ်ရင်းမှ ဆေးတပ်ဖွဲ့ဝင်များက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်နယ်ဝန်ကြီးများ၊ ကယ်ဆယ်ရေးနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် ကယ်ဆယ်ရေး နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေးရှိ ပျံကျဈေးသည်များ၏ ကျောင်းနေကလေးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

❖ *ပြည်ထောင်စုဝန်ကြီး*

ဦးမြင့်လှိုင်သတင်းမှ

ဦးကျော်ဝင်းက ယခုမိုးစပါး စိုက်ပျိုးရာသီတွင် တောင်သူလက်ဝယ်အရောက် ဖြန့်ဖြူးပေးရန် သိုလှောင်ဆောင်ရွက်ထားရှိမှုနှင့် ယနေ့ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးသို့ ဖြန့်ဖြူးပြီး စိုက်ပျိုးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် သက်တမ်း ၄၂ရက်သားရှိ ပုလဲသွယ် ဘာစမာတီ စပ်မျိုးစပါး ဖြစ်ထွန်းအောင်မြင်နေမှုများကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာရှိ ရွှေသံလွင်စိုက်ပျိုးရေး အထူးပြုကုမ္ပဏီ၏ မျိုးစေ့ထုတ်သုတေသနစိုက်ကွင်း၌ စပ်မျိုးစပါးသုတေသနပြု ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ရွှေသံလွင်စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်လင်းပြည့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CETC ကုမ္ပဏီနှင့် စပ်မျိုးစပါးမျိုး ၂၁ မျိုး ယှဉ်ပြိုင်စမ်းသပ်သုတေသနပြုနေမှုနှင့် စပ်မျိုးစပါး ရှစ်မျိုးအား (F-1) မျိုးစေ့ထုတ်လုပ်မှု သုတေသနဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး လာမည့်ရာသီတွင် စိုက်ဧကတစ်သိန်းအတွက်လိုအပ်သော စပါးမျိုးစေ့များကို ရွှေသံလွင်ကုမ္ပဏီနှင့် CETC ကုမ္ပဏီတို့ပူးပေါင်း၍ မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၁၀၀၀ တိုးချဲ့အကောင်အထည်ဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Diamond Star ကုမ္ပဏီမှ ဦးထွန်းရင်နှင့် KMA ကုမ္ပဏီမှ ဦးခင်မောင်အေးတို့က နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး အကောင်အထည်ဖော်မှုများနှင့် တောင်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးကူညီပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာစိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များနှင့် တရုတ်နိုင်ငံ CETC ကုမ္ပဏီတို့ ပူးပေါင်း၍ ရွှေသံလွင်ကုမ္ပဏီ၏ ရာနှုန်းပြည့် ရင်းနှီးမတည်ငွေဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို စပါးမျိုးအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များနှင့်အညီ တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များတက်ညီလက်ညီဖြင့် ပူးပေါင်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ သုတေသနဆောင်ရွက်တွေ့ရှိမှုအခြေအနေများ၊ တိုင်းဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ လေ့လာရရှိသော နည်းပညာရပ်များနှင့် ယနေ့လက်ဝယ် ဖြည့်ဆည်းဆောင်ရွက်ပေးထားသော မျိုးစေ့များဖြင့် မိမိတို့ဒေသအလိုက် မျိုးစေ့ထုတ်စိုက်ကွင်းများ ထူထောင်ပြီး တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် တောင်သူလယ်သမားများ၏အကျိုးကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်းပြောကြားပြီး စိုက်ကွင်းအတွင်း သက်တမ်း ၁၀၀ ရက်သားရှိ စိုက်ခင်းအား တစ်ဧကအထွက်နှုန်း သုတေသနပြု ရိတ်သိမ်းဆောင်ရွက်နေမှုများကို ဒေသခံတောင်သူလယ်သမားများ၊ ကောက်စိုက်လုံမေများနှင့်အတူ တပျော်တပါး လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ *ရွှေဖုံးမှ*

ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဇွန် ၁၂ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များတွင် ကူးစက်ရောဂါကပ်အသွင် ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ရေကောင်းရေသန့်ရရှိရေး၊ ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲစေခြင်း၊ အစားအစာများ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် ကူးစက်ရောဂါများဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဇွန် ၁၈ ရက်တွင် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက်၌ လည်းကောင်း၊ ဇွန် ၁၉ ရက်တွင် ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် လူနာသစ်ရှာဖွေခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Abate ပိုးလောက်လမ်းသတ် ဆေးခတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ရေတွင်းရေကန်စုစုပေါင်း ၁၁၈ ခုအား ကလိုရင်းဆေးခတ်ပေးခဲ့ကြသည်။ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့သည် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး၊ မောင်တော၊ ဘူးသီးတောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံများ၌ ဆေးဝါးများ ဖြည့်တင်းပေးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကုသပေးခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း စစ်တွေမြို့ပေါ်ကယ်ဆယ်ရေးစခန်းများမှ လူနာ ၁၀၂၂ ဦးနှင့် ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ကယ်ဆယ်ရေးစခန်းများမှ လူနာ ၃၀၀ စုစုပေါင်း ၁၃၂၂ ဦးတို့အား ဆေးကုသမှုများပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုင်းမော်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သောနေရာများ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများက ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ပေးနေစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ် ပိုင်းမော်မြို့နယ်နှင့် ဖားကန့်မြို့နယ်များအတွင်း မိုးသည်းထန်စွာရွာသွန်း ရပ်ကွက်များအတွင်းရှိရေလွှမ်းမိုးမှုများအား နယ်မြေခံတပ်ရင်းများမှ သွားရောက်ကူညီထောက်ပံ့

နေပြည်တော် ဇွန် ၂၁

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပိုင်းမော်မြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ နယ်မြေခံတပ်ရင်းများက ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီထောက်ပံ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၊ ပြည်ခိုင်ဖြိုးပါတီရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးရှေ့ရှိ ကားလမ်းမပေါ်နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသွားလမ်း စိန့်ဂျိုးဇက်ကက်သလစ်ဘုရားကျောင်းအနီး လမ်းမပေါ်တို့၌ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ နယ်မြေခံတပ်ရင်းနှင့် ဒေသခံပြည်သူလူထုတို့က ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ရေလွှဲများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဖားကန့်မြို့နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆိပ်မူကျေးရွာအုပ်စု၊ စပေါ့ကျေးရွာနှင့် ရှမ်းစုကျေးရွာများရှိ စွန့်ပစ်မြေစာပုံများမှမြေစာများပြိုကျခဲ့ကြောင်း၊ ရေမဆေးကျောက်ရှာဖွေသူများ၏ နေအိမ်တဲ ၄၇ လုံး ပြိုကျပျက်စီးသွားခဲ့ပြီး အိမ်ထောင်စု ၄၇ စု၊ လူဦးရေ ၁၆၂ ဦးအိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သဖြင့် စပေါ့ကျေးရွာဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းနှင့် ရှမ်းစုအခြေခံပညာမူလတန်းကျောင်းတွင် နေရာချထားပေးခဲ့ကြောင်းနှင့် ဒေသခံစစ်ဗျူဟာအဖွဲ့၊ တပ်ရင်းများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့စွမ်းအားရှင်များ၊ ဒေသခံပြည်သူလူထုများက စွန့်ပစ်မြေစာများအား ဝိုင်းဝန်းဖယ်ရှားလျက်ရှိပြီး လိုအပ်သော ကူညီထောက်ပံ့ပေးမှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုသစ္စာ-ရေးသည်

ဟဲဗီးဝိတ်ချန်ပီယံဟောင်းမိုက်တိုင်စန် နယူးယောက်မြို့၌ တစ်ကိုယ်တော်ဖျော်ဖြေပွဲကျင်းပမည်

နယူးယောက် ဇွန် ၂၁

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုက်တိုင်စန်က တစ်ကိုယ်တော်ဖျော်ဖြေပွဲကျင်းပမည်ဖြစ်ကြောင်း၊ ကျင်းပပြုလုပ်မည့် နေ့ရက်မှာ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၅ ရက်အထိဖြစ်ကြောင်း ဇွန် ၂၀ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုက်တိုင်စန် **(အောက်ပုံ)**ပါဝင်သရုပ်ဆောင်ထားသည့် Mike Tyson; Uldisputed Truth ရုပ်ရှင်ကားကို ဒါရိုက်တာစပိုက်လီကရိုက်ကူးထားပြီးဖြစ်သည်။ ယင်းရုပ်ရှင်ကားကို ပြီးခဲ့သည့်ဧပြီလက အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့၌ ပြသခဲ့သည်။

ထိုသို့မိုက်တိုင်စန်၏ ရုပ်ရှင်ကားပြသခဲ့မှုကို ပရိသတ်များနှစ်ခြိုက်အားပေးခဲ့ကြသဖြင့် ဒါရိုက်တာစပိုက်လီက နယူးယောက်မြို့၌ မိုက်တိုင်စန်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ကျင်းပရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ၎င်းပွဲကို နယူးယောက်မြို့ လောင်းဂရေ့ ကဇာတ်ရုံ၌ ဇူလိုင် ၃၁ရက် ညမှဩဂုတ် ၅ရက်ညအထိ ခြောက်ညတိုင်တိုင် ကျင်းပမည် ဖြစ်သည်။ ယင်းတစ်ကိုယ်တော်ဖျော်ဖြေပွဲတွင် မိုက်တိုင်စန်၏ ဘဝဇာတ်ကြောင်းများ ပြသမှု၊ မိုက်တိုင်စန်ကိုယ်တိုင်ပြောပြမှုနှင့် လက်တွေ့ထိုးသတ်ပွဲများ၊ မိုက်တိုင်စန်သည် အမေရိကန်နိုင်ငံ ဘရွတ်ကင်းအရပ်၌ ငယ်စဉ်ဘဝနေထိုင်ခဲ့စဉ်မှ ၁၉၈၆ ခုနှစ် အသက် ၂၀ အရွယ်၌ ကမ္ဘာ့အသက်အငယ်ဆုံး ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခဲ့ပုံများကို တင်ဆက်ပြသမည်ဖြစ်သည်။ ထို့အပြင် ဟဲဗီးဝိတ်ချန်ပီယံထိုးသတ်ပွဲ၌ ပြိုင်ဘက် ဟိုလီဖီးကို ကြိုးဝိုင်းအတွင်းယှဉ်ပြိုင်ထိုးသတ်စဉ် ဟိုလီဖီး၏နားရွက်အား မိုက်တိုင်စန်က ကိုက်ဖြတ်ခဲ့မှု ပြကွက်များနှင့် ထိုစဉ်က ခံစားမှုများကို မိုက်တိုင်စန်က ကိုယ်တိုင်ပြောပြမှုများလည်း ပါဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးဗစ်တိုးရီးယားဂျက်စတီး Fun Size ဇာတ်ကားရိုက်ကူးမှု ဇူလိုင်လကုန်ပြီးမည်

လော့စ်အိန်ဂျလိစ် ဇွန် ၂၁

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဗစ်တိုးရီးယားဂျက်စတီးဟာ Fun Size အမည်ရှိတဲ့ ဇာတ်ကားသစ် ရိုက်ကူးနေတာ ဇူလိုင်လကုန်မှာ ပြီးစီးတော့မှာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ဗစ်တိုးရီးယားဂျက်စတီး **(ဝဲပုံ)**က ပူးတွဲထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူလုပ်ကိုင်နေတာဖြစ်ပါတယ်။

အသက် ၁၉နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီးဗစ်တိုးရီးယားဂျက်စတီးဟာ မကြာခင်ကပဲ The First Time အမည်ရှိတဲ့ ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပြီး ဇွန်လကုန်မှာ ရုံတင်ပြသတော့မှာဖြစ်ပါတယ်။ Fun Size ဇာတ်ကားမှာတော့ ဂျက်စတီးဟာဝါရင့်အမည်ရှိတဲ့ အမျိုးသမီးငယ်တစ်ဦးရဲ့ ဘဝဖြတ်သန်းမှု အဖြစ်အပျက်တွေကို ရိုက်ကူးထားတာဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီးဂျက်စတီးဟာ ၂၀၁၂ခုနှစ်အတွင်းမှာ ရုပ်ရှင်ကားတွေ ရိုက်ကူးနေရတဲ့အပြင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေမှာလည်း ပါဝင်သရုပ်ဆောင်နေရပါတယ်။ အဲဒီရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေကတော့ i Carly နဲ့ Figure It Out တွေဖြစ်ပါတယ်။ အဆိုတော်တစ်ဦးလည်းဖြစ်တဲ့ ရုပ်ရှင်မင်းသမီး ဂျက်စတီးဟာ သူမရဲ့ Victorious အမည်ရှိတဲ့ တေးစီးရီးကို ဒီနှစ်ထဲမှာ ပြန်လည်ဖြန့်ချိဖို့လည်း စီစဉ်နေပါတယ်။ ဒီတေးစီးရီးက ၂၀၁၀ခုနှစ်က ထုတ်လုပ်ခဲ့တာဖြစ်ပြီး အောင်မြင်မှုရရှိခဲ့တဲ့ တေးစီးရီးတစ်ခုလည်း ဖြစ်ပါတယ်။ အဖွဲ့လိုက်သီဆိုထုတ်လုပ်ခဲ့တဲ့ တေးစီးရီးတွေကတော့ Spetctacular၊ Victorious နဲ့ Victorious-2 တို့ပဲဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ဂျက်စတီးဟာ အဆိုတော်အဖြစ်လည်း ပရိသတ်တွေ အားပေးခြင်းခံရတဲ့အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် လာမယ့်ဇူလိုင်လဆန်းမှာ ရုံတင်ပြသတော့မယ့် The Boy Who Cried Werewolf ဇာတ်ကားမှာလည်း ရုပ်ရှင်မင်းသမီးဂျက်စတီး ပါဝင်သရုပ်ဆောင်ထားတာမို့ မကြာမီမှာ ပရိသတ်တွေကြည့်ရှုခွင့်ရရှိတော့မှာဖြစ်ပါတယ်။ **(အင်တာနက်)**

ကိုရီးယားရုပ်ရှင်မင်းသား လီဂျီဟွန်း Ghost Sweepers ဇာတ်ကားရိုက်ကူးမည်

ဆိုးလ် ဇွန် ၂၁

*ရုပ်ရှင်မင်းသား လီဂျီဟွန်းသည် လောလောဆယ်တွင် **Ghost Sweepers** ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။ ယင်းဇာတ်လမ်းတွဲတွင် လီဂျီဟွန်း၏ဝိဉာဉ်အဖြစ် ထူးခြားစွာ သရုပ်ဆောင်ထားမှုများကို မြင်တွေ့ရမည်ဖြစ်သည်။*

*တောင်ကိုရီးယားရုပ်ရှင်မင်းသား လီဂျီဟွန်း(ယာပုံ)ပါဝင်သရုပ်ဆောင်ထားသည့် **Architecture 101** အမည်ရှိ ရုပ်ရှင်ကားသည် ဝင်ငွေကောင်းသည့်ဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဇွန် ၂၀ရက်က သတင်းထုတ်ပြန်သည်။ ယင်းဇာတ်ကားသည် စုစုပေါင်းဝင်ငွေအမေရိကန်ဒေါ်လာ ၂၈သန်းရရှိခဲ့သည်။ ဆက်လက်ပြီး ဇာတ်ကားအသစ် **Ghost Sweepers** ကိုလည်း ရိုက်ကူးမည်ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသား လီဂျီဟွန်းသည် ယင်းဇာတ်ကား၌ အချစ်ကို ဦးစားပေးခဲ့သော တက္ကသိုလ်ကျောင်းသားတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဒါရိုက်တာ ယွန်ဆန်ဟွန် ရိုက်ကူးသည့် ဒရာမာဇာတ်ကားတစ်ကားဖြစ်သော **Bleak Night** ရုပ်ရှင်ကား၌လည်း အထက်တန်းကျောင်းသားတစ်ဦး လက်တွေ့ဝါသနာပါပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုများကို သရုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သည့်နှစ်က ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းက ချီးမြှင့်သည့် ရှော့ကီးဆုကို ရုပ်ရှင်မင်းသား လီဂျီဟွန်းရရှိခဲ့သည်။ ထို့အတူ အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ ရိုက်ကူးခဲ့သည့် **Fashion King** ဇာတ်လမ်းတွဲ၌လည်း ပါဝင်သရုပ်ဆောင်ခဲ့ရာ လူကြိုက်များခဲ့သည်။ (အင်တာနက်)*

မြင့်မောင်စိုး - စုစည်းသည်

စပိန်အသင်း၏တိုက်စစ်ဆင်မှု ပြင်သစ်တို့ အကြိတ်အနယ်ကာကွယ်ရဖွယ်ရှိ

စပိန်နှင့် ခရိုအေးရှားတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

ဝါဆော ဇွန် ၂၁

ယူရို ၂၀၁၂ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့သည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စပိန်အသင်းသည် အုပ်စု(C)မှ ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ စပိန်တို့အုပ်စုပြိုင်ပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုဗိုလ်ရခဲ့သည်။

ကစားနိုင်ခဲ့

စပိန်အသင်းသည် လက်ရှိ ယူရိုချန်ပီယံဖြစ်သလို ကမ္ဘာ့ဖလားချန်ပီယံလည်း ဖြစ်သည်။ စပိန်အသင်းတွင် အဓိကအားဖြင့် ဘာစီလိုနာအသင်းကစားသမားများနှင့် ဖွဲ့စည်းထားသည့်အလျောက် ခြေစွမ်းမှာ ပုံမှန်အနေအထားမပျက် ကစားနိုင်ခဲ့သည်။ စပိန်အသင်းသည် လက်ရှိခြေစွမ်းအရ ချန်ပီယံဖြစ်နိုင်သည့် ခြေစွမ်းကို ပိုင်ဆိုင်ထားသည်။

ပြင်သစ်အသင်းသည် အုပ်စုပြိုင်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ကွာတားဖိုင်နယ်သို့တက်ရောက်လာခြင်းဖြစ်သည်။ ပြင်သစ်အသင်းခြေစွမ်းသည် စပိန်အသင်း ခြေစွမ်းနှင့်နှိုင်းစာလျှင် အနည်းငယ်ကွာနေသည်။ စပိန်အသင်း၏ ဂိုးပေါက်ဖန်တီးမှုသည် ပြင်သစ်အသင်းထက် အားသာချက်ရှိသည်။ စပိန်အသင်း၏တိုက်စစ်ကို ပြင်သစ်ကစားသမားများ အကြိတ်အနယ်ကာကွယ်ရဖွယ်ရှိသည်။ စပိန်အသင်းက ပွတ်ကာသီကာနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။ **(အင်တာနက်)**

ဂျာမနီနှင့် ဒိန်းမတ်တို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယူရို ၂၀၁၂ ကွာတားဖိုင်နယ်ပွဲ ဂျာမနီနှင့်ဂရိ အကြိတ်အနယ်ရှိမည်

ဝါဆော ဇွန် ၂၁

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဂျာမနီအသင်းနှင့်ဂရိအသင်းတို့ အကြိတ်အနယ် ကစားကြမည်ဖြစ်သည်။

ဂျာမနီအသင်းသည် အုပ်စု(ခ)မှ ကွာတားဖိုင်နယ်သို့ အုပ်စုဗိုလ်ဖြင့် တက်ရောက်လာသည့်အသင်းဖြစ်သည်။ ဂျာမနီအသင်းသည် အုပ်စုပွဲတွင် ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ နယ်သာလန်အသင်းကိုနှစ်ဂိုး-တစ်ဂိုး၊ ဒိန်းမတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ဂျာမနီအသင်းသည် အုပ်စုပြိုင်ပွဲတွင် ရာနှုန်းပြည့် အနိုင်ကစားနိုင်ခဲ့သလို ခြေစွမ်းမှာလည်း ဂရိအသင်းထက် အသာရှိသည်။

လက်ရှိဂရိအသင်းသည် ဂျာမနီကဲ့သို့ အသင်းလိုက် မကောင်းသော်လည်း တစ်ဦးချင်းကောင်းသည့် ဘောလုံးသမားများပါဝင်နေသည်။ ဂရိအသင်းသည် အုပ်စုပြိုင်ပွဲတွင် အုပ်စု(က)မှ ကွာတားဖိုင်နယ်သို့တက်ရောက်လာခြင်းဖြစ်သည်။ ဂရိတို့အုပ်စုပြိုင်ပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရုရှားကို ထိပ်တိုက်အနိုင်ရမှုအရ ကံကောင်းခဲ့သည်။

ဂျာမနီအသင်းတွင် အရည်အချင်းပြည့်ဝသောကစားသမား အတော်များများပါဝင်သည်။ ယင်းအားသာချက်ဖြင့် ဂရိအသင်းကို အနိုင်ကစားဖွယ်ရှိသည်။ ဂျာမနီကစားသမားများ၏ ဘောလုံးအရည်အသွေးများမှာ ဂရိကစားသမားများထက် ကောင်းမွန်သဖြင့် ကွာတားဖိုင်နယ်တွင် ဂျာမနီက ဂရိကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာအား တရုတ်ကလပ်နှစ်နှစ်ခွဲစာချုပ်

ရှန်ဟိုင်း ဇွန် ၂၁

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်းဒရော့ဘာသည် ဇွန် ၂၀ ရက်က တရုတ်ကလပ် ရှန်ဟိုင်းရှန်ဟွာနှင့် နှစ်နှစ်ခွဲစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

*ဒရော့ဘာ **(ယာပုံ)**သည် ထိုသို့စာချုပ်လိုက်သဖြင့် ချယ်လ်ဆီးအသင်း ကစားဖော်ဟောင်း အနယ်လ်ကာနှင့်အတူ တစ်သင်းတည်း ကစားရတော့မည်ဖြစ်သည်။ တရုတ်အသင်းတာဝန်ရှိသူများရဲ့ ကမ်းလှမ်းဖိတ်ခေါ်မှုအပေါ် လေးစားတန်ဖိုးထားခြင်းဖြင့် တရုတ်အသင်းကို ပြောင်းဖို့ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်ဟု အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူးဒရော့ဘာက စာချုပ်အပြီး သတင်းထောက်များအား ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။*

*ဒရော့ဘာသည် ရှန်ဟိုင်းရှန်ဟွာသို့ နောက်ဆုံးပြောင်းရွှေ့လာသောကစားသမားဖြစ်သည်။ ၎င်းသည် မေလက ယှဉ်ပြိုင်ကစားသော ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းအတွက် ပယ်နယ်တီအနိုင်ဂိုးသွင်းပြီး ဖလားဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။ ဒရော့ဘာသည် တရုတ်ကလပ်သို့ ပြောင်းရွှေ့သွားသော်လည်း ပရီမီယာလိဂ်ကလပ်များနှင့်ရေစက်မကုန်သေးဘဲရှိသည်။ လာမည့်ဇွန် ၂၅ ရက်တွင် ဒရော့ဘာ၏ကလပ် ရှန်ဟိုင်းရှန်ဟွာနှင့်မန်ယူတို့ ရာသီအကြို ချစ်ကြည်ရေးပွဲအဖြစ် ယှဉ်ပြိုင်ကစားပေးရန် စီစဉ်ထားသည်။ ဒရော့ဘာသည် ၂၀၀၄ ခုနှစ်နွေရာသီက မာဆေးမှချယ်လ်ဆီးသို့ ပေါင်ငါးသန်းဖြင့်ပြောင်းရွှေ့လာသည်။ နည်းပြမော်ရင်ဟိုလက်ထက် ချယ်လ်ဆီးက ပထမဆုံးစာချုပ်သည့် ကစားသမားဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားသုံးလုံး၊ အက်ဖ်အေဖလားလေးလုံး၊ လိဂ်ဖလားနှစ်လုံး၊ ချန်ပီယံလိဂ်ဖလားတစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဒရော့ဘာသည် ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၃၄၂ ပွဲပါဝင်ကစားခဲ့ပြီး ၁၅၇ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)***

○ *ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သတင်းမှ*

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီဝင်များ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ၌ ဖြေဆိုသူ ၁၁၆၇၈ ဦးတွင် အောင်မြင်သူ ၃၀၂၈ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၂၅ ဒသမ ၉၂ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ယခင်နှစ်အောင်မြင်မှုရာခိုင်နှုန်း ၃၂ ဒသမ ၃၇ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အောင်မြင်မှုရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ဂုဏ်ထူးရရှိသူအနေဖြင့်မူ ၂၀၁၁ ခုနှစ်က ၄၁၁ ဦးရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၅၇၈ ဦး ရှိလာသဖြင့် တိုးတက်လာသည်ကို တွေ့ရှိရကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတွင် ပညာရေးကဏ္ဍတိုးတက်မှု ဆောင်ရွက်ချက်များအနေဖြင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ခြင်းအား နိုင်ငံတော်သမ္မတကြီး၊ ဒုတိယသမ္မတနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း။

ကျောင်းအုပ်ဆရာကြီးများနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကိုလည်း ကျင်းပပေးခဲ့ကြောင်း၊ လိုအပ်လျက်ရှိသော ကျောင်းဆရာ ဆရာမ ၂၀၂ ဦးတို့ကိုလည်း ခန့်ထားပေးခဲ့ကြောင်း၊ ထို့အပြင် အခြေခံပညာကျောင်းများတွင် လိုအပ်သောစာသင်ခုံ၊ ကျောက်သင်ပုန်း၊ သန့်စင်ခန်းများ အပါအဝင် ပညာရေးသင်ကြားမှုအထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

သို့ဖြစ်၍ ၂၀၁၂ -၂၀၁၃ ပညာသင်နှစ်တွင် ဆရာ ဆရာမများအနေဖြင့် ယခင်နှစ်များထက် ပိုမိုကြိုးစား၍ အပြည့်အဝပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း ယခုပညာသင်နှစ်အစမှစ၍ အစ၊ အလယ်၊ အဆုံး အစွမ်းကုန်ကြိုးစား သင်ယူသွားကြရန် မှာကြားပေးစေလိုကြောင်း၊ ကျောင်းအကျိုးတော်ဆောင်နှင့် ကျောင်းသားမိဘများမှ ကျောင်းသားများ၏ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေး၍ မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းပြီး ၂၀၁၃ ခုနှစ်သည် နေပြည်တော်နယ်မြေအတွက် အောင်ချက်အကောင်းဆုံး၊ ဂုဏ်ထူးအများဆုံး ဆွတ်ခူးနိုင်သောနှစ်အဖြစ် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကျောင်းပတ်ဝန်းကျင် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပရေးနှင့် ရာသီပန်း၊ နှစ်ရှည်ပန်းအလှပင်၊ နှစ်ရှည်စားပင်၊ ရတနာတန်းဝင် အပင်များဖြင့် ကျောင်းများကို အမြဲတမ်း စိမ်းလန်းစိုပြည်ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အမြဲလန်းဆန်းတက်ကြွနေစေရန် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်သွားကြရန်နှင့် နေပြည်တော်ရှိ ကျောင်းများမှ အောင်ချက်ရာခိုင်နှုန်း ယခုနှစ်ထက် တိုးတက်မှု ရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များကို အနာဂတ်နိုင်ငံတော်၏ မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် မွေးထုတ်လေ့ကျင့်ပေးနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေးသာမက ဘဝတစ်သက်တာလုံး လိုက်နာကျင့်သုံးရမည့် ကိုယ်ကျင့်တရားနှင့် စာရိတ္တမြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံချစ်စိတ်နှင့် ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများရရှိအောင် ပြုစုပျိုးထောင်ပေးရန် လိုကြောင်း၊ ကာယပညာနှင့် အားကစားလှုပ်ရှားမှုများ လေ့ကျင့်ပေးရေး၊ စာပေဘာသာရပ် သင်ခန်းစာများကိုလည်း လူမှုစီးပွားရေးဘဝတွင် ဆက်စပ်အသုံးချနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးရန်နှင့် သင်ကြားသင်ယူမှု၊ လေ့ကျင့်ပျိုးထောင်မှု လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေမှ အောင်ချက်အကောင်းဆုံး ပထမဆုရရှိခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်လှိုင်က အကောင်းဆုံးဒိုင်းဆုကို နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မပိုးအိဖြူ၊ ဇေယျာသီရိမြို့နယ် ရေဆင်း အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မမေပွင့်သူနှင့် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က ငါးဘာသာဂုဏ်ထူးနှင့် လေးဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်များက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးနှင့်အထက် အောင်မြင်အောင် သင်ကြားပေးခဲ့ကြသည့် အခြေခံပညာအထက်တန်းကျောင်း (၂၂) ကျောင်းတို့မှ ဆရာ ဆရာမများအတွက် ဂုဏ်ပြုဆုများကို ကျောင်းအုပ်ကြီးများထံ ပေးအပ်ကြသည်။

ယင်းနောက် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပဥ္စမဆုရ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၊ စတုတ္ထဆုရ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တတိယဆုရ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ ဒုတိယဆုရ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၊ ပထမဆုရ လယ်ဝေးမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့အား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် တာဝန်ရှိသူတို့က ကျောင်းအုပ်ကြီးများထံ ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ ပို့ဆောင်ရေးနှင့်ရေကြောင်းဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. HAN, Man Hee ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ကိုရီးယား ဒုတိယဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေအား ကိုရီးယားသမ္မတနိုင်ငံ မြေယာ၊ ပို့ဆောင်ရေးနှင့်ရေကြောင်းဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. HAN, Man Hee ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရွှေဖုံးမှ*

အခမ်းအနားတွင် MDG Co., Ltd. Myanmar Distribution Group Calsome ကွေကာမန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့်ဇနီး ဒါရိုက်တာ ဒေါက်တာဒေါ်မိုးမြတ်ဝင်း မိသားစုက ငွေကျပ် သိန်း ၅၀ နှင့် ကျပ်သိန်း ၅၀ တန်ဖိုးရှိ Calsome ကွေကာ၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) အသင်းသူ အသင်းသားများက ငွေကျပ် ၉၁ သိန်းတန်ဖိုးရှိ ၁၂ ပြည်ဝင် ဆန်အိတ် ၁၄၀၀၊ Thet Trading Co., Ltd. က ငွေကျပ် ၆၅ သိန်း ရှစ်သောင်းငါးထောင်ခြောက်ရာတန်ဖိုးရှိ ကော်ဖီမစ် ၄၈ သေတ္တာ၊ မြန်မာနိုင်ငံကုလသမဂ္ဂရုံးနှင့် စီမံကိန်းဝန်ထမ်းများက ငွေကျပ် ၄၆ သိန်းကိုးထောင့်လေးရာ၊ အမေရိကန်ဒေါ်လာ ၅၁ ဒေါ်လာနှင့် အဝတ်အထည် ၁၀ ထုပ်၊ Suntac Technologies က ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ဆိုလာမီးအိမ် ၅၀ ခု၊ ဆော်ဒီအာရေဗျသံရုံးက စွန်ပလွံယိုတန်ချိန် ၅ တန်၊ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုများကိုယ်စား ဒုတိယရဲမှူးကြီး ထွန်းလှ(ငြိမ်း)က ငွေကျပ် ၆ သိန်းတန်ဖိုးရှိ ကျားဝတ်လုံချည် အထည် ၃၀၀၊ သံဖြူဇရပ်မြို့ ပရဟိတအသင်းနှင့် စေတနာရှင်များက ငွေကျပ် ငါးသိန်း တစ်သောင်းငါးထောင်၊ဦးကျော်ကျော်-ဒေါ်နွယ်နွယ်ဝင်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးစိန်ဝင်း-ဒေါ်မြညွန့် မိသားစုက ငွေကျပ်နှစ်သိန်းနှင့် အဝတ်အထည် ၁ ထုပ်၊ ရွှေကျီးမင်းငါးခြောက်မျိုးစုံလုပ်ငန်းက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ငါးနီတူခြောက် ၂၅ ထုပ်၊ MDRD Co., Ltd.ဝန်ထမ်းမိသားစုက ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ ဦးသိမ်းဝင်း-ဒေါ်သောင်းညွန့် မိသားစုက ငွေကျပ်တစ်သိန်း၊ Nice Fare Travel Co., Ltd. မှ ဦးစန်းအောင်ထွန်း-မသော်သော်လှိုင် မိသားစုက ငွေကျပ်တစ်သိန်းသုံးသောင်း ရှစ်ထောင်နှင့် ခေါက်ဆွဲခြောက် ၉ ဖာ၊ အဝတ်အထည် ၂ ထုပ်၊ ဆန် ၂ အိတ်၊ ဦးအောင်ဝင်း-ဒေါ်မိုမိုချို မိသားစုက မဝတ် အဝတ်အထည် ၂ထုပ်၊ ခြင်ထောင်စောင် ၁ ထုပ်၊ အိုးခွက်ပန်းကန် ၁ ဖာ၊ မောင်ရှိုင်းသက်ပိုင်က ငွေကျပ်တစ်သိန်း၊ ဦးမြင့်သိန်း-ဒေါ်ယဉ်ယဉ်စန်း မိသားစုက ကလေးနို့ဘူး၊ သော့ချိတ်၊ အဝတ်အထည် ၁ ပုံး၊ အဝတ်အထည် ၁ ဆွဲ၊ ဒေါ်ပုစိန် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးတက်တိုး-ဒေါ်ခင်အေးဝင်း မိသားစုက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် ၁ ထုပ်၊ ဒေါ်ညွန့်ညွန့်ဌေး သမီးဇွန်သစ်နိုင်၊ မြတ်သဇင်နိုင် မိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်းနှင့် အဝတ်အထည် ၃ ထုပ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေးနှင့် ဇနီးဒေါ်ခင်ခင်ရီ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးသက်တင်ဦး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းမောင် (စန်းသော်တာရုံးသုံးစက္ကူနှင့် စာရေးကိရိယာ ရောင်းဝယ်ရေး)က ငွေကျပ် တစ်သိန်းငါးသောင်းခုနစ်ရာ တန်ဖိုးရှိ စာရေးကိရိယာများ၊ တပ်ကြပ်ကြီး စိန်အေး(ငြိမ်း)က (၅၁) နှစ် ပြည့်မွေးနေ့အလှူအတွက် ငွေကျပ်သုံးသောင်းရှစ်ထောင့်ကိုးရာ၊ ဒေါ်ကျင်အေးက ငွေကျပ်တစ်သိန်းနှင့် အဝတ်အထည် ၄ထုပ်၊ ပါမောက္ခဒေါက်တာဦးဘမြင့်-ဒေါ်ခင်စန်းထွေး မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးစိုးမြင့်-ဒေါ်အေးမြိုင် (စိမ်းလဲ့ဖြူမိသားစု ပလတ်စတစ်လုပ်ငန်း)က ငွေကျပ်ခြောက်သောင်း၊ ဦးဘတင့်ဆွေ-ဒေါ်သူဇာထိုက် မိသားစုက ငွေကျပ်ငါးသောင်းနှင့် ကျပ်တစ်သိန်း တန်ဖိုးရှိ ကျားဝတ်လုံချည် အထည် ၇၀၊ ဦးစိုးမိုးသွန်-ဒေါ်ချယ်ရီစမ်း မိသားစုက ငွေကျပ်ငါးသောင်းနှင့် ကျပ်တစ်သိန်း တစ်သောင်းတန်ဖိုးရှိ မဝတ်လုံချည် အထည် ၈၀၊ ပရုပ်ဆီ ၁၀ ဒါဇင်၊ ဗိုလ်မှူးစိုးမြင့် (ငြိမ်း)-ဒေါ်အုံးမြင့်မိသားစုက တီရှပ်အထည် ၁၀၀၊ ဆရာတော် ဦးပညာသာမိနှင့် ဦးခင်မောင်သန်း (ဓမ္မပါရဂူ)က သင်္ကန်း ၁၀ စုံ၊ ဒေါ်စောကြီး မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်တင်မြိုင်အေး သမီးဒေါ်မြင့်မြင့်ခိုင် မိသားစုက အဝတ်အထည် ၁ ထုပ်၊ သစ္စာရွှေကူ (ထေရဝါဒ သာသနာပြု)က ငွေကျပ်သုံးသိန်းနှင့် သင်္ကန်းအစုံ ၂၀၊ ဒေါ်ဆွေဆွေလင်းက ငွေကျပ်တစ်သောင်းနှင့် အဝတ်အထည်၁ထုပ်၊ ဗိုလ်မှူးစံဝင်းခိုင်-ဗိုလ်ကြီး အေးအေးသိန်းက ငွေကျပ် တစ်သိန်း၊ ဆရာတော် ဘဒ္ဒန္တဥာဏဓမ္မက ငွေကျပ် သုံးသိန်းနှင့် သင်္ကန်း ၃၃ စုံ၊ ထီး ၂၅လက်၊ ဖိနပ် ၂၅ရံ၊ ဦးခိုင်ချစ်ထွန်း ဦးဆောင်သော စေတနာရှင်များနှင့် ဟန်ဖြူထွန်းက အဝတ်အထည် ဆိုဒ်စုံ အထည် ၃၂၀၊ ကျောင်းသုံးဗလာစာအုပ် ၇ ဒါဇင်ခွဲ၊ ဖြူဖြူသင်းရွှေဆိုင်မှ ဦးဝင်းမြင့်-ဒေါ်သိန်းသိန်း မိသားစုက ဆန် ၃ အိတ်၊ အဝတ်အထည် ၁ အိတ်၊ ကိုသန်းဇော်ထွန်း- မစန္ဒီစိုးမိသားစုက ငွေကျပ်ခုနစ်သောင်း၊ ဦးမြင့်ဦး-ဒေါ်နန်းအိမိသားစုက ငွေကျပ်နှစ်သောင်းနှင့် အဝတ်အထည် ၃ ထုပ်၊ ဗိုလ်ကြီးပိုင်ခန့် မိသားစုက အဝတ်အထည် ၂ ထုပ်၊ ဖိနပ် ၁ ထုပ်၊ ဆေးဝါးများ ၁ ထုပ်၊ ဒေါက်တာဒေါ်ခင်မေသိန်း မိသားစုက မာမားခေါက်ဆွဲခြောက် ၁၅ ဖာ၊ မငြိမ်းငြိမ်းဦးက အဝတ်အထည် ၁ ထုပ်၊ ယဉ်အိစံ မိသားစုက အဝတ်အထည် ၄ ထုပ်၊ Super Cool သောက်ရေသန့်မှ မနေဇာက အဝတ်အထည် ၁ ထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့အထိအလှူငွေရရှိမှုမှာ ငွေ ၁၄၆၄၀၀၆၇၆ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကျိုက်လတ်၌ဟောပြော

ကျိုက်လတ် ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးကာလ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် ပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက ကျိုက်လတ်မြို့ အထက(၁) ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဖျာပုံခရိုင်ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ချစ်စိန်နှင့်အဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာတို့ကို အသိပညာပေးဟောပြောကြသည်။ **(အပေါ်ပုံ)**



အလားတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ်တကျရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးဟောပြောပွဲကို ယင်းနေ့ နေ့လယ်ပိုင်းက ကျိုက်လတ်မြို့ အထက (၂) ၌လည်း ဟောပြောခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ည-ရပ်ကွက် ခေမာသီလမ်းနေ ဒေါ်မြတင်မိသားစုတို့က ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် Army Champion Challenge Cup 2012 ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ၄၀-၄၅၊ ၄၅-၅၀၊ ၅၀-၅၅၊ ၅၅-၆၀၊ ၆၀-၆၅၊ ၆၅-၇၀၊ ၇၀-၇၅၊ ၇၅-၈၀ ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ သိုင်းသင်တန်းကျောင်းအုပ်ကြီး၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ အကောင်းဆုံး အားကစားသမားဆုရ အေးဝင်းလှိုင် (ကျန်စစ်သားကလပ်)အား တပ်မတော်သိုင်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဟန်မင်းအောင်က လည်းကောင်း၊ တံခွန်စိုက်တတိယဆုရ ဗန္ဓုလကလပ်နှင့် တံခွန်စိုက်ဒုတိယဆုရ ဘုရင့်နောင်ကလပ်တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချကီယိုးကလည်းကောင်း ဆုများ ချီးမြှင့်ကြပြီး တံခွန်စိုက်ပထမဆုရ ကျန်စစ်သားကလပ်အား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်က တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

“အရောင်တောက်တိုင်း....”

ငွေအောင်(ခရီးသွား)

ယခင်က သူနှင့်ကျွန်တော် မဆုံခဲ့ဖူးပါ။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလကမှ သူ့ကို စတွေ့ခဲ့သည်။ နေရာက အင်ဒိုနီးရှားနိုင်ငံရှိ ဆူလာဝါဆီကျွန်းကြီး၏ မြောက်ဖျားမြို့ကလေးတွင်ဖြစ်၏။ အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်း တစ်သောင်းခုနစ်ထောင်ကျော် ဝန်းရံထားသော နိုင်ငံဖြစ်သည်။ လူဦးရေ သန်း ၂၅၀ ခန့်ရှိပြီး တိုင်းရင်းသားမျိုးနွယ် ၄၈၅ မျိုး စုပေါင်းနေထိုင်ကြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဆူမားထရား၊ ဂျာဗား၊ ကာလီမန်တန်၊ ဆူလာဝါဆီနှင့် ပါပူအာကျွန်းကြီးငါးကျွန်းနှင့် ကျွန်းငယ်စု ၃၀ ခန့်ရှိကြောင်း သိရသည်။ ကျွန်တော်တို့နှစ်ဦးရောက်ရှိနေသော မနာဒိုသည် မြောက်ပိုင်းဆူလာဝါဆီဒေသ၏ မြို့တော်ဖြစ်သည်။ နိုင်ငံ၏ အရှေ့ဘက်ခြမ်းတွင်တည်ရှိသဖြင့် မဟာဗျူဟာကျသော ဝင်ထွက်ပေါက်တစ်ခုဟု ဆိုနိုင်သည်။

ယခုအခါ ဤဒေသကို အပန်းဖြေ၊ အနားယူရန်သာမက နိုင်ငံတကာ အစည်းအဝေး၊ ကွန်ဖရင့်၊ ပြပွဲ၊ တွေ့ဆုံပွဲများကျင်းပနိုင်ရန် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြည့်တင်းကာ မြှင့်တင်ကြော်ငြာလျက်ရှိသည်။ ထူးခြားချက်တစ်ခုမှာ မနာဒိုမြို့ကလေး၏ ပတ်ဝန်းကျင်တွင် သက်ရှိမီးတောင်ကြီး ငါးလုံး တည်ရှိနေခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့ အရှေ့ဘက်ပင်လယ်ပြင် ဟိုးအဝေးဆီတွင် ထီးထီးမားမား ပေါ်ထွက်နေသည့် မီးတောင်ကြီးကို ဤမှာဘက်ကမ်းက ကြည့်ရသည်မှာ ရှုမငြီးဖွယ် ခံစားရသည်။ ဤနေရာကို ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်သည့်ပြကွက်တစ်ခုအဖြစ် ဖန်တီးထားသည်။ မနာဒိုသည် ဝိတိုရိယအငူရှိ ကော့သောင်းမြို့ကလေးနှင့် ဆင်တူသည်။ သို့ရာတွင် သူ့လေဆိပ်သို့ ပြည်တွင်းလေကြောင်းလိုင်းများသာမက ဒေသတွင်းရှိ အိမ်နီးချင်းလေကြောင်းလိုင်းများမှလေယာဉ်များပါဆင်းသက်လျက်ရှိ၏။

မနာဒိုမှ ပင်လယ်သို့ထွက်၍ ခရီးဆန့်လျှင် ဒါဗာအိုမြို့ကလေးသို့ ရောက်မည်။ ယင်းသည် ဖိလစ်ပိုင်တို့၏တောင်ဘက်အစွန်ရှိ မြို့ကလေးဖြစ်သည်။ ၂၀၀၆ ခုနှစ် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်နှင့် ခရီးသွားပြပွဲကို ဤမြို့ကလေးတွင် ကျင်းပခဲ့သည်။ ဝန်ကြီးများအစည်းအဝေးကို ပင်လယ်ဝရှိ ကျွန်းကလေးပေါ်တွင် ပြုလုပ်ခဲ့သည်။ ဟိုတယ်အိပ်ခန်းဆောင်များသည် ရေစပ်တွင်ရှိသည်။ ထိုစဉ်က ဆူနာမီဒဏ် ခံစားပြီးခါစဖြစ်သဖြင့် ပင်လယ်လှိုင်းပုတ်သံကြားလျှင် အိပ်ရာက အလိုလိုလန့်နိုးနေမိကြသည်။ ၂၀၀၅ ခုနှစ်က မလေးရှားနိုင်ငံ လန်ကာဝီတွင် အာဆီယံဖိုရမ်ကိုကျင်းပခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်၌ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် ထိုအချိန်က မြန်မာနိုင်ငံအနေနှင့် အာဆီယံအလှည့်ကျ သဘာပတိအဖြစ် တာဝန်ယူမည့်ကိစ္စများ ရွှေ့ဆိုင်းသွားပြီးနောက် ခရီးသွားဖိုရမ်လည်း ဖိလစ်ပိုင်ဘက်သို့ လွှဲပြောင်းပေးလိုက်ရလေတော့သည်။

ယခု ၂၀၁၂ ခုနှစ် အာဆီယံ ခရီးသွားဖိုရမ်နှင့်အတူ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ မိတ်ဖက်နိုင်ငံများ အစည်းအဝေးများနှင့် ခရီးသွားပြပွဲကိုကျင်းပရာ နိုင်ငံတကာမှဟိုတယ်လုပ်ငန်း၊ လေကြောင်းလိုင်းများနှင့် အခြားဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများမှ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် စီမံအုပ်ချုပ်သူများတက်ရောက်ကြသည်။ ဤအစည်းအဝေးသို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၊ အာရှနှင့် ပစိဖိတ်ခရီးသွားအသင်း၊ အာဆီယံအတွင်းရှိ ခရီးသွားအသင်း၊ ဟိုတယ်အသင်းတို့လည်း စုံညီစွာ တက်ရောက်ကြသည်။ ကမ္ဘာအရပ်ရပ်မှ ခရီးသွားပြပွဲနှင့် ဖိုရမ်များကဲ့သို့ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်လူသိများလာရာ ဤပွဲသည် ခရီးသွားနယ်ပယ်အတွင်းမှ ပုဂ္ဂိုလ်များ တစ်နှစ်တစ်ခါဆုံလေ့ရှိသော နေရာတစ်ခုဟု ဆိုရပေမည်။ ဤအခြေခံအကြောင်းများကြောင့် သူနှင့်ကျွန်တော် မနာဒိုတွင် ဆုံဖြစ်ကြခြင်းဖြစ်သည်။

တစ်ညနေ အစည်းအဝေးအပြီး ဧည့်ခံပွဲ၌ ကျွန်တော်တို့ လိပ်စာကတ်ပြားတွေ အပြန်အလှန်လဲကြကာ စကားပြောဖြစ်သည်။ သူက မြန်မာနိုင်ငံကို မရောက်ဖူးသော်လည်း အထူးစိတ်ဝင်စားနေသည်။ ကျွန်တော်က မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ရှင်းပြရင်းဖိတ်ခေါ်လိုက်သည်။

ဒုတိယနေ့ အစည်းအဝေးအပြီးတွင် သူကသီးခြားဆွေးနွေးရန်ဖိတ်ခေါ်ခဲ့သည်။ အဓိကမှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် အကူအညီများ ပေးအပ်လိုကြောင်း ကမ်းလှမ်းလာခြင်းဖြစ်၏။ ကျွန်တော်က သူ့အတွက် အသင့်လျော်ဆုံးအချိန်ကို မေးရာ ဇွန်လဆန်းတွင် ထိုင်းနိုင်ငံ ချင်းမိုင်အစည်းအဝေးပြီးလျှင် တစ်ဆက်တည်းလာရောက်လိုပါကြောင်း ပြောကြားသဖြင့် ကြိုးစားဆောင်ရွက်ပေးမည့်အကြောင်း ရှင်းပြခဲ့သည်။ တတိယမြောက်နေ့တွင် သူနှင့်ကျွန်တော် မနာဒိုက ထွက်ခွာခဲ့ကြသည်။

အမိမြေသို့ ပြန်လည်ရောက်ရှိသည့်အခါ သူနှင့်တွေ့ခဲ့သည့်အကြောင်း အစီရင်ခံတင်ပြရင်း သူ့အားဖိတ်ကြားခွင့်ပြုရန် အဆိုပြုခဲ့သည်။ ခွင့်ပြုချက်ရရှိသည့်အခါ တရားဝင်ဖိတ်စာပို့လိုက်သည်။ သူ့ထံကလည်း ကျေးဇူးတင်ကြောင်းနှင့် စာကို လက်ခံရရှိကြောင်း၊ အစီအစဉ်အတိုင်း လာရောက်မည်ဖြစ်ကြောင်း ပြန်ကြားလာသည်။ အသေးစိတ်ညှိနှိုင်းကြသည့်အခါ သူလာနိုင်မည့်ရက်က တိုတောင်းလှ၏။ နှစ်ညအိပ် သုံးရက်ခရီးသာဖြစ်သည်။ ပထမရက် (စနေနေ့)တွင် ညပိုင်း ထိုင်းလေကြောင်းဖြင့် ရောက်ရှိမည်ဖြစ်ရာ ရန်ကုန်တွင် ညအိပ်ရင်း အချိန်ကုန်မည်။ ဒုတိယရက်(တနင်္ဂနွေနေ့)အတွက် မနက်လေယာဉ်ဖြင့် ပုဂံသို့ပို့ပေးပြီး နေ့ဝက်လည်ပတ်စေမည်။ ညနေပိုင်းတွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်သို့လာရောက်ပြီး ညပိုင်းတွင် ဟိုတယ်၌ ဧည့်ခံမည်။ တတိယရက်(တနင်္လာနေ့)တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်မည်။ ပြီးလျှင် နေပြည်တော် တစ်ဝိုက် လှည့်လည်ပြသမည်။ နေ့လယ်စာပြီးလျှင် ရန်ကုန်သို့ လေယာဉ်ဖြင့်ပြန်မည်။ ညနေပိုင်း ရန်ကုန်မြို့တွင်းကြည့်ရှုပြီး ထိုင်းလေကြောင်းဖြင့် ပြန်လည်ထွက်ခွာရန်ဖြစ်သည်။ သို့နှင့် ဇွန်လ ၅ ရက်နေ့မှ စတင်၍ သူ့ခရီးစဉ်ကို အကောင်အထည်ဖော်ဖြစ်သည်။ ရောက်သည့်ညက ရန်ကုန်မြို့တွင်းကြည့်ရင်း ရွှေတိဂုံဘုရားကြီးကို ကြည်ညိုခွင့်ရခဲ့သည်။ ပုဂံ၏ နေ့ဝက်ခရီးစဉ်မှာ တိုတောင်းသော်လည်း ပုဂံ၏မြင်ကွင်းကျယ်ကို နန်းမြင့်မျှော်စင်ထက်မှ ခံစားခဲ့ရသည်။ ရွှေနန်းတော်ဟိုတယ်၏ အဆောင်အယောင်နှင့် ဝန်ဆောင်မှုပြုသည့်ဝန်ထမ်းများနှင့် တွေ့ဆုံသည့်အခါ ပုဂံတွင် နိုင်ငံတကာအဆင့် အလတ်စားကွန်ဖရင့်တစ်ခုလုပ်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ အချိန်တိုအတွင်း ပုဂံ၏သမိုင်းကြောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခွင့်ရခဲ့သည်။ နေပြည်တော်သို့ အလာတွင် လူမှုဘဝနှင့်လမ်းပန်းဆက်သွယ်မှု အနေအထားကို တွေ့မြင်ခဲ့ရသည်။

ဇွန်လ ၆ ရက်နေ့ညတွင် ဝန်ကြီးနှင့်အတူ သူ့အားညစာဖြင့် ကျွန်တော်တို့ ဧည့်ခံဖြစ်ကြသည်။ ခရီးရှည်ကို ဖြတ်သန်းခဲ့ရသော်လည်း သူ့အသွင်အပြင်မှာ ရွှင်လန်းတက်ကြွလျက်ရှိ၏။ ပုဂံတွင် ရွှေစည်းခုံဘုရားသို့ ရောက်ရှိခဲ့ရာ ရင်ပြင်ပေါ်တွင် စပိန်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်အဖွဲ့အား ရှင်းပြနေသည့် ဧည့်လမ်းညွှန် မိန်းကလေးတစ်ဦး၏ ဘာသာစကားကျွမ်းကျင်မှုနှင့် အသံနေအသံထားပီပြင်မှုကို ကြည့်ရှုနားထောင်ရင်း အံ့ဩမိခဲ့ကြောင်း သိရသည်။

သူသည် ရွှေနန်းတော်ဟိုတယ်မှ ဧည့်ကြိုဝန်ထမ်းတို့၏ ဘာသာစကားကျွမ်းကျင်မှုနှင့် သူ့အားဖော်ရွေမှုကိုလည်း ချီးကျူးခဲ့သည်။

ပုဂံ၏အလှနှင့် တင့်တယ်မှုသည် သူ့အား အပြည့်အဝဆွဲငင်ထားပုံရသည်။ အီဂျစ်က ပီရမစ်၊ ပါရီက အီဖဲလ်၊ လန်ဒန်က ဘာဂင်ဟန်တို့သည် ထင်ရှားကျော်ကြားသော်လည်း မြန်မာတို့၏ ပုဂံမှာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းထဲ မဝင်ခဲ့ရသည်ကို ခံစားနေပုံရသည်။

ဤခရီးစဉ်တွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်အတန်းပြည့်မီရေးအတွက် စံချိန်စံညွှန်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ စီမံကိန်းနှင့်မဟာဗျူဟာများရေးဆွဲရေး၊ စစ်တမ်းများကောက်ယူရေးနှင့် စာရင်းအင်းပြုစုရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ မြှင့်တင်ကြော်ငြာရေးနှင့် ဈေးကွက်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍများတွင် သူ့အဖွဲ့အစည်းကိုယ်တိုင်အပြင် မိတ်ဖက်အဖွဲ့အစည်းများ၊ ကူညီထောက်ပံ့မည့်နိုင်ငံများ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည့်အကြောင်း ဝန်ကြီးအားတင်ပြသည်။ သူ့အဖွဲ့အစည်းသို့ ဆက်သွယ်ဝင်ရောက်ရန်လည်း ကြိုဆိုကမ်းလှမ်းလာသည်။

ညစာစားရင်း မြှင့်တင်ကြော်ငြာမှုအကြောင်းပြောကြရာ သူက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ပြည်သူများ၏ဖော်ရွေမှုများ၊ သဘာဝအရင်းအမြစ်များကိုအခြေခံ၍ ပုံကောင်းကောင်း၊ ထိရောက်သောစကားလုံးအသုံးအနှုန်းဖြင့် မြှင့်တင်ကြော်ငြာလိုကြောင်း၊ သူ့စိတ်ထဲတွင် ရွှေရောင်ဝင်းလက်သော ရွှေတိဂုံဘုရားကြီးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စွဲလမ်းနေမိကြောင်း၊ သို့ရာတွင် “ Golden Land ”ထက်ကောင်းသော စကားလုံးကို စဉ်းစားနေမိကြောင်း ပြောပြသည်။

ထိုအခိုက်တွင် ကျွန်တော့်ခေါင်းထဲသို့ အတွေးတစ်ခု ရုတ်ခြည်းဝင်ရောက်လာသဖြင့် ကျွန်တော်က မိမိတို့အထက်တန်းကျောင်းသားဘဝက ရှိတ်စပီးယား ပြဇာတ်များ သင်ကြားခဲ့ရာ ဗင်းနစ်မြို့က ကုန်သည်ဇာတ်လမ်းထဲက “ All that Glitters is not Gold” အခြေခံ၍ “but Myanmar is ....” ဆိုပြီး ရွတ်ပြရာ သူ့ထံမှ ဘာသံမျှ ထွက်မလာဘဲ ငြိမ်သွား၏။ ခဏကြာမှ ဤစာသားကို သဘောတွေ့သွားပြီး မြှင့်တင်မှုစကားရပ်တစ်ခုအနေဖြင့် တွဲသုံးရန် လက်ခံသွားသည်။ ထိုညက ဤမျှနှင့် အဆုံးသတ်ဖြစ်ကြသည်။

နောက်တစ်နေ့နံနက်တွင် ဝန်ကြီးအပါအဝင် သက်ဆိုင်ရာဝန်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတကြီးအား တွေ့ဆုံဂါရဝပြုရာတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူနှင့်သူ့အဖွဲ့အစည်းက စိတ်အားထက်သန်စွာဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြခဲ့သည်။ ထိုနေ့ညဘက် ပြန်လည်မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

သူနှင့်တွေ့ဆုံပြီး တစ်ပတ်ခန့်အကြာတွင် သူတို့အဖွဲ့သို့ မြန်မာနိုင်ငံပါဝင်ရန် အဆိုပြုစာပို့လိုက်သည်။ သူ့ထံမှ ဤစာကို လက်ခံရရှိကြောင်း၊ ၎င်းတို့၏ စုံညီအစည်းအဝေးတွင် တင်ပြဆုံးဖြတ်ချက်ရယူပြီး အဖွဲ့ဝင်ဖြစ်ရေး ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်ကြားလာသည်။

သူပေးခဲ့သည့်ကတိအတိုင်း ဘူတန်နိုင်ငံ၊ မြို့တော်ပါရိုတွင် သူ့အဖွဲ့မှ ဦးစီးဆောင်ရွက်မည့် ခရီးသွားလုပ်ငန်း မူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆင့်မြင့်အရာရှိ တစ်ဦးကို သူ့အဖွဲ့စရိတ်ဖြင့် တက်ရောက်ပါရန် ဖိတ်ကြားပေးခဲ့သည်။ မိမိတို့ဘက်ကလည်း ညွှန်ကြားရေးမှူး တစ်ဦးတက်ရောက်ရန် စီစဉ်ခဲ့ပါသည်။

ထို့အပြင် သူ၏ညွှန်ကြားရေးမှူး တစ်ဦးနှင့် ကျွမ်းကျင်ပညာရှင်တစ်ဦးတို့ကို ဇွန်လနောက်ဆုံးပတ်တွင် မြန်မာနိုင်ငံသို့စေလွှတ်၍ ခရီးစဉ်ဒေသများသို့ လှည့်လည်သွားရောက်လေ့လာပြီး ဇူလိုင်လဆန်းတွင် နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့မှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ မြန်မာနိုင်ငံအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာစီမံကိန်းရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရန် စီစဉ်ကြမည်ဖြစ်သည်။

ယင်းသို့ဆွေးနွေးရာတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များဖော်ထုတ်ခြင်း၊ ခရီးသွားလုပ်ငန်း၏ အဓိကဈေးကွက်အနေအထားနှင့် ဧည့်သည်တို့၏ နှစ်ခြိုက်မှုများ၊ သဘာဝအရင်းအမြစ်များ၊ ရေရှည်တည်တံ့ပြီး အကျိုးရှိစွာ အသုံးပြုနိုင်မည့်နည်းလမ်းကောင်းများ ဖော်ထုတ်ခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့် မဟာဗျူဟာရေးဆွဲရာတွင် မတူကွဲပြားသော သဘောထားအမြင်များကို တင်ပြခြင်း စသည့်အကြောင်းအရာများကို အလေးထားဆောင်ရွက်ကြမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းကို နော်ဝေးနိုင်ငံအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ကူညီဆောင်ရွက်ပေးမည်ဖြစ်ရာ ယင်းအစီအစဉ်၏ နောက်ဆုံးထွက်ပေါ်လာမည့် စီမံကိန်းမူကြမ်းအပေါ်တွင်လည်း ပညာရပ်ဆိုင်ရာအထောက်အကူပြု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်နှင့် မနာဒိုတွင် မိတ်ဆွေဖြစ်ခဲ့သော အဆိုပါပုဂ္ဂိုလ် “သူ”သည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဖြစ်သော ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း (World Tourism Organization) ၏ အထွေထွေအတွင်းရေးမှူးချုပ် Dr. Taleb Raffai ဖြစ်ပါသည်။

ဤအဖွဲ့အစည်းသည် ခရီးသွားလုပ်ငန်း ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ တာဝန်သိခရီးသွားလုပ်ငန်း ပေါ်ထွန်းရေး၊ ကမ္ဘာအနှံ့ကျယ်ပြန့်စွာ ခရီးသွားလာနိုင်ရေးတို့အတွက် ကြိုးပမ်းမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ၏။ ခရီးသွားလုပ်ငန်း၏ နိုင်ငံတကာဦးဆောင်အဖွဲ့အစည်း ဖြစ်သည်နှင့်အညီ ခရီးသွားလုပ်ငန်းသည် စီးပွားရေးတိုးတက်မှု၊ ကဏ္ဍပေါင်းစုံပါဝင်သော ဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထာဝစဉ် ရှင်သန်မှုတို့၏ မောင်းနှင်အား တစ်ခုဖြစ်ကြောင်း အသိပညာပေးလျက်ရှိ၏။

ထို့အပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်းသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ခရီးသွားလုပ်ငန်းကျင့်ဝတ်ကို အကောင်အထည်ဖော်ဆောင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးရေးကို အကျိုးများစေပြီး ဘေးထွက်ဆိုးကျိုးများကို လျော့နည်းစေခြင်းနှင့် ကုလသမဂ္ဂ၏ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်အရ ဆင်းရဲနွမ်းပါးမှုလျော့နည်းရေးနှင့် ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေးတို့ကို တွန်းအားပေး ဆောင်ရွက်ရာတွင် ယင်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် ခရီးသွားလုပ်ငန်းသည် အဓိကလုပ်ငန်းတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်လျက်ရှိ၏။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်းသည် နိုင်ငံပေါင်းတစ်ရာကျော်တွင် ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ထောက်ပံ့ပေးသော စီမံကိန်းများ ဖော်ထုတ်လုပ်ကိုင်ပေးလျက်ရှိ၏။

ယခုအခါ ယင်းအဖွဲ့အစည်းတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၅ နိုင်ငံရှိပြီး ပုဂ္ဂလိက ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ဒေသဆိုင်ရာ ခရီးသွားအာဏာပိုင်အဖွဲ့အစည်း ၄၀၀ ကျော်တို့ ပူးပေါင်းပါဝင်လျက်ရှိသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ စစ်တမ်းကောက်ယူမှုအရ ၂၀၁၁ ခုနှစ်တွင် တစ်ကမ္ဘာလုံး ခရီးသွားလာသူ သန်း ၉၈၀ ရှိပြီး ၂၀၃၀ ခုနှစ်တွင် သန်း ၁၈၀၀ ဖြစ်မည်ဟု မျှော်မှန်းထားသည်။ ဤလုပ်ငန်းတွင် အလုပ်အကိုင်ပေါင်း ၂၃၅ သန်းကို ဖန်တီးပေးထားသည်။ တစ်ကမ္ဘာလုံးဂျီဒီပီတွင် ၅ ရာခိုင်နှုန်းပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍ ပြည်ပပို့ကုန်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းရှိသဖြင့် ခရီးသွားလုပ်ငန်းသည် စီးပွားရေးကဏ္ဍတွင် ကမ္ဘာ့အကြီးမားဆုံးနှင့် အရှိန်အဟုန်ကောင်းစွာဖြင့် တိုးတက်နေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက်က အထက(၁) ကော့ကရိတ်၌ကျင်းပရာ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ခင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

လူကုန်ကူးခံရသူ အမျိုးသမီးများအား အုပ်ထိန်းသူမိဘများထံ ပြန်လည်အပ်နှံ

တာချီလိတ် ဇွန် ၂၁

ထိုင်းနိုင်ငံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနလက်အောက်ရှိ ဂေဟာများတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူ အမျိုးသမီးရှစ်ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့ရှိ အမှတ်(၁)ချစ်ကြည်ရေးတံတား၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်၊ တာချီလိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာငွေငွေဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးသိန်းလွင်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်ရင်ရင်အေးနှင့် တာဝန်ရှိသူများက လွှဲပြောင်း လက်ခံယူကြသည်။

အဆိုပါ လူကုန်ကူးခံရသည့် မိုင်းရှူးမြို့မှ အမျိုးသမီး ငါးဦး၊ ကွန်ဟိန်းမြို့မှ သုံးဦးတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး အုပ်ထိန်းသူမိဘများထံ ပြန်လည်အပ်နှံရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (ဝဗဓ)

ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် ဦးအောင်သန်းညွှန့်-ဒေါ်ခင်သီရိအောင်၏ မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းကို ဂေဟာမှူး ဦးမောင်မောင်ထံ လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မြန်မာအသင်း အားပေးသူများအတွက် အပြန်ကားစီစဉ်ပေးမည်

ရန်ကုန် ဇွန် ၂၁

AFC U-22 ခြေစစ်ပွဲတွင် မြန်မာအသင်းပွဲစဉ်များအား လာရောက်အားပေးမည့်ပရိသတ်များ အပြန်ခရီးအဆင်ပြေစေရန် မထသယာဉ်လိုင်းမှ ကား ၁၅ စီး အဆင်သင့်ပြင်ဆင်ပေးထားမည်ဖြစ်သည်။ မြန်မာအသင်းပွဲစဉ်များမှာ ည ၈ နာရီကျော်မှသာ ပြီးဆုံးမည်ဖြစ်ရာ ပရိသတ်များ အိမ်အပြန် အခက်အခဲမရှိစေရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယခုကဲ့သို့ စီစဉ်ပေးခြင်းဖြစ်သည်။

ထို့အပြင် မြန်မာအသင်း ပွဲစဉ်တိုင်းကို အစောဆုံးကွင်းအတွင်း ဝင်ရောက်ကြည့်ရှုမည့် ပရိသတ်ဦးရေ ၁၀၀၀ ကို ဂိတ်အမှတ် (၇၊ ၈) တို့တွင် Digicel မှ အသင်းဂျာစီများလက်ဆောင်ပေးသွားမည် ဖြစ်သည်။ ပွဲလက်မှတ်များကို ရိုးရိုးတန်း ကျပ် ၁၀၀၀ နှင့် အထူးတန်း ကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ထိုင်ခုံများဖြင့် စနစ်တကျ အားပေးကြည့်ရှုနိုင်ကြမည်ဖြစ်သည်။ လက်မှတ်များကို သုဝဏ္ဏကွင်း ပတ်ဝန်းကျင်တွင် ဝယ်ယူကြည့်ရှုနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှလည်း ကားဖြင့် ရန်ကုန်မြို့အတွင်း လှည့်လည်ရောင်းချလျက်ရှိသည်။

ရန်ကုန်မြို့တွင် ဇွန် ၂၃ ရက်မှ ဇူလိုင် ၃ ရက်အထိကျင်းပမည့် အသက် ၂၂ နှစ်အောက် အာရှလူငယ်ခြေစစ်ပွဲ 2013 AFC U-22 Qualifiers အုပ်စု (G) ပွဲစဉ်များ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် တောင်ကိုရီးယား ယူ-၂၂ အသင်းသည် ပြီးခဲ့သည့် ဇွန် ၁၈ ရက်က ရန်ကုန်မြို့သို့ ပြိုင်ပွဲဝင်အသင်းများအနက် အစောဆုံးရောက်ရှိလာပြီး လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ အလားတူ တရုတ်(တိုင်ပေ)အသင်းသည်လည်း ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက ရောက်ရှိလာပြီး မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့လည်း ဇွန် ၂၁ ရက်တွင် သတ်မှတ်ထားသည့်ကွင်းများတွင် ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် AFC U-22 ခြေစစ်ပွဲဝင်အသင်းများအတွက် သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ စလင်းကွင်း၊ ပဒုမ္မာကွင်းနှင့် အမှတ်(၁) လေ့ကျင့်ရေးကွင်း (YTC)တို့ကို လေ့ကျင့်မှုများပြုလုပ်ရန် ပြင်ဆင်ပေးထားသည်။ (ဇော်မင်းအောင်)

ငါးရစ်ငါးသန် ဘေးမဲ့ ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

မြန်မာ့ရုပ်မြင်သံကြား

၂၂-၆-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၅၀ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၀ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈း၃၀ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ International News

ညပိုင်း

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၂၀ အတီးပြိုင်ပွဲ
- ၄း၃၅ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင်**
- **အန္တရာယ်ကင်းစင်မွေးမိခင်**
- ၅း၀၀ အဝေးသင်တက္ကသိုလ် ပညာရေးသင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၂၀ မြန်မာစာ၊ မြန်မာစကား
- ၆း၀၀ ညနေခင်းသတင်း
- ၇း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာ ရှိသေပါ**(အပိုင်း-၁၆)
- ၈း၀၀ ပြည်တွင်းသတင်း
- \- နိုင်ငံတကာသတင်းများ
- \- မိုးလေဝသအခြေအနေ

ကျောဖုံးမှ

ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကယ်ဆယ်ရေးစခန်းများ၌ အသုံးပြုရန် တပ်မတော်လေယာဉ်များဖြင့် စစ်တွေလေဆိပ်သို့ ရောက်ရှိလာသော တစ်နာရီ လီတာတစ်သောင်းကျ ရေသန့်စက်တစ်စုံ၊ မိုးကာတဲများ၊ မြန်မာနိုင်ငံ အရပ်ရပ်မှလှူဒါန်းသော အဝတ်အထည်များ၊ ဓာတ်ဆားထုပ်များ၊ ကြက်သွန်နီ၊ အာလူး၊ မာမီးခေါက်ဆွဲ၊ နှစ်ပြန်ကြော်၊ ငါးခြောက်များအပါအဝင် လိုအပ်သည့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သယ်ယူပို့ဆောင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းဝတ်စုံများ မိတ္ထီလာ၌ထောက်ပံ့

မိတ္ထီလာ ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပံ့ကျစျေးသည် သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၄ ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပံ့ကျစျေးသည်များ၏ သားသမီးများဖြစ်သည့် မူလတန်းကျောင်းသား ကျောင်းသူ ၆၁ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၂၉ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၂ ဦးတို့အား ငွေကျပ် ၅၁၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ဈေးငွေကော်မတီဝင်တို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇွန် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့ အထက(၄)ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပညာပေးဟောပြောရေးဆပ်ကော်မတီဥက္ကဋ္ဌ တွဲဖက်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ ကျိုင်းတုံမူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်ဝင်းထွေး **(အပေါ်ပုံ)**၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန် ဒေါက်တာညီညီအောင်နှင့်ခရိုင်ဥပဒေရုံးမှဦးစီးအရာရှိဒေါ်မြင့်မြင့်ခိုင်တို့က ပညာပေးဟောပြောဆွေးနွေးကြသည်။

အလားတူ အသိပညာပေးဟောပြောပွဲများကို ဇွန် ၁၁ ရက်မှ ၁၄ ရက် အထိ ကျိုင်းတုံမြို့ပေါ်ရှိ အထက ငါးကျောင်းနှင့် တက္ကသိုလ်သုံးခုတို့တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာ

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံ၏တိုးတက်ပြောင်းလဲလာမှုနှင့်အညီ ကမ္ဘာလှည့်ခရီးသည်များ နိုင်ငံအတွင်း ပိုမိုဝင်ရောက်လာလျက်ရှိသည်။ ၂၀၁၁ ခုနှစ်အတွင်းက ရန်ကုန်မြို့သို့လေကြောင်းခရီးမှ ဝင်ရောက်လာသော နိုင်ငံခြားသားခရီးသွားဧည့်သည် ၃၆၅၀၀၀ ကျော်ရှိခဲ့သည်။ ယင်းသို့ ဝင်ရောက်မှုသည် ၎င်း၏ရှေ့နှစ် ၂၀၁၀ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်းပိုပြီး ၂၀၀၃ ခုနှစ်ကဝင်ရောက်မှုထက် နှစ်ဆပိုမိုခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယခုနှစ် ၂၀၁၂ ခုနှစ် ပွင့်လင်းရာသီဖြစ်သော ဇန်နဝါရီမှ ဧပြီအတွင်းမှာပင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၁၇၅၀၀၀ ကျော်ရှိနေပြီး ယခင် ၂၀၁၁ ခုနှစ် ယင်းလများနှင့်ယှဉ်ကြည့်ပါကလည်း ပိုမိုဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ထိုသို့ နိုင်ငံခြားခရီးသွားများ ပိုမိုဝင်လာသော်လည်း ဟိုတယ်များ အနေဖြင့် အခြေခံအဆောက်အအုံများ တိုးချဲ့မှုနှေးကွေးနေသေးကြောင်း ကြားသိနေရသည်။

နိုင်ငံခြားသားဧည့်သည်များ အခန်းလိုအပ်မှုအပေါ် အခြေခံ၍ ဈေးများမြင့်မား လျက်ရှိနေကြောင်း ဧည့်လမ်းညွှန်တစ်ဦးနှင့်တွေ့ဆုံခိုက် သိခွင့်ရလိုက်သည်။

သက်ဆိုင်ရာက ဟိုတယ်များကို လိုက်လံကြပ်မတ်စစ်ဆေးမှုများ ရှိနေသော်လည်း လိုအပ်ချက်များ အမြဲလိုရှိနေသေးကြောင်း စစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးက ဆိုခဲ့သည်။

သို့ပါ၍ အိမ်သာ၍ ဧည့်သည်များ ဝင်လာမစဲ တသဲသဲဖြစ်နေချိန်၌ ဧည့်သည်များ ငြိုငြင်မှုမရှိရလေအောင် ဝန်ဆောင်မှုကောင်းသည့် ဟိုတယ်များပိုမို တိုးတက်လာရန် လိုအပ်လျက်ရှိသည်။ ထို့ကြောင့် ဟိုတယ်ပိုင်းဆိုင်ရာလုပ်ငန်းရှင်များ၊ ခရီးသွားပို့ဆောင်ရေးအေဂျင်စီများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းလက်တွဲ၍ ဝန်ဆောင်မှုကောင်းသည့် ဟိုတယ်များ တိုးတက်လာရေး ကြိုးပမ်းသင့်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။

ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်းရှေ့(အောင်မြေအနောက်)၌ တွေ့မြင်ခဲ့ရသော နိုင်ငံခြားခရီးသွားဧည့်သည်များ။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လှိုင်ရိုးမကြိုးဝိုင်းအတွင်း သစ်ပင်စိုက်ပျိုးပွဲကျင်းပ

တိုက်ကြီး ဇွန် ၂၁

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်(ရုံးချုပ်)မှ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် တိုက်ကြီးမြို့နယ် လှိုင်ရိုးမတောင်ပေါ်ကြိုးဝိုင်း အကွက်အမှတ်(၁၅)ဧရိယာတွင် ကွက်လပ်ဖြည့် တန်ဖိုးမြင့် စနစ်အရ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ အမှုဆောင်ဒါရိုက်တာ ဦးအောင်မင်းကျော်သူ၊ အထွေထွေမန်နေဂျာ ဦးသိန်းဝင်းနှင့် ရုံးချုပ်သစ်တောဖက်စပ် ဝန်ထမ်းအင်အား ၈၀ ကျော်တို့က ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ အညာကုက္ကို၊ ရှားသစ်မျိုး စုစုပေါင်း အပင် ၇၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(ယာပုံ)** သစ်တောဖက်စပ်အနေဖြင့် စိုက်ခင်းစီမံချက်အရ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီတွင် ကွက်လပ်ဖြည့် စိုက်ခင်းဧက ၅၀ကိုလည်း စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဖွဲ့စည်းမည်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အများပိုင်ကုမ္ပဏီလီမိတက်ဖြစ်သည့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ကို ဖွဲ့စည်းတည်ထောင်မည်ဖြစ်ကြောင်း သိရသည်။ ထိုကုမ္ပဏီလီမိတက်အနေဖြင့် ပဲ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်တွင်းပြည်ပကုန်သည် လုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းထွက်ရှိရာဒေသမှ ပြည်ပသို့တင်ပို့သည်အထိ လိုအပ်သည့် အခြေခံအဆောက်အအုံများဖြစ်သော အထွေထွေသုံးဆိပ်ခံတံတားများတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ၊ နိုင်ငံအနှံ့၌ သိုလှောင်ရုံများတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်မီ Commodity Exchange Centre တည်ဆောက်၍ စည်းစနစ်ကျနသောရောင်းဝယ်မှု ဖြစ်ပေါ်လာရန် ဝန်ဆောင်မှုပေးခြင်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကုန်ပစ္စည်းများ အာမခံပေးခြင်းနှင့် ဆက်စပ်လုပ်ငန်းများပြည်တွင်းသို့ အရည်အသွေးမှန်၊ သင့်တင့်ထိုက်တန်သည့် ဈေးမှန်ဖြင့်စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်း၊ ပြည်တွင်း၌ အထွေထွေကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးခြင်းဖြင့် ဆက်စပ်လုပ်ကိုင်နေသည့် စိုက်ပျိုးထုတ်လုပ်သူများ အကျိုးကျေးဇူးရှိစေပြီး အစုရှယ်ယာရှင်များမှာလည်း သင့်တင့်သည့် အကျိုးအမြတ် ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရှိရသည်။ (၁၆၈)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

ကော့ကရိတ် ဇွန် ၂၁

ကော့ကရိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ ဇွန် ၁၅ ရက်က မိုးပွင့်အဆင့်(၃)စီမံချက်အရ နဘူးဒေသ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး အခမဲ့ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးညိုညိုသန်းနှင့် ဝန်ထမ်းများက ဒေသခံပြည်သူ ၄၉၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်လဝက)**

မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၁၀ တရားတော်
၇း၂၀ မျိုးချစ်တပ်မတော်
၇း၃၀ မြန်မာသံစဉ်ချိုနားဝင်

ညပိုင်း

၄း၃၀ လှျပ်တစ်ပြက်
၄း၅၅ အိုင်စီတီ သုတ
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၄၅ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ရာဇဝင်သစ်ရဲ့သူရဲကောင်း(အပိုင်း-၃)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အရိုက်အရာ (အပိုင်း-၂၅)
- မြဝတီရုပ်မြင်သံကြားသတင်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
သမုဒ္ဒယနှောင်ကြိုး (အပိုင်း-၄၀)

မြန်မာ့အလင်း မှုခင်းသတင်း ၂၁-၆-၂၀၁၂

လမ်းမရှင်းဘဲ ဖြတ်ထွက်သည့်ဆိုင်ကယ် ကားနှင့်ဝင်တိုက်မိ

တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း၌ လမ်းမကြီးပေါ်တွင် ယာဉ်မရှင်းဘဲ ဖြတ်ထွက်မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှင့် (၁၀)ဘီးကားတို့ တိုက်မိမှု ဇွန် ၁၆ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိုနေ့ ညနေ ၃ နာရီက တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင် (၂၈၄/၇) အနီးတွင် တပ်ကုန်းမြို့ဘက်မှ ညောင်လွန့်ကျေးရွာဘက်သို့ ထွန်းထွန်း (၃၆) နှစ် မောင်းနှင်သည့် ၂ယ/.... ကမ်ဘို ၁၁၀ အစိမ်းရောင်ဆိုင်ကယ်မှာ ရမည်းသင်းမြို့ဘက်မှလာသော ယာဉ်မောင်း ဇော်မျိုးထွန်း (၃၆) နှစ်မောင်းနှင်လာသည့် ၇င/....နီဆန်း(၁၀)ဘီးယာဉ်၏ ရှေ့ဘန်ဘာယာဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ ထွန်းထွန်းတွင် ဦးခေါင်းနှင့်ကိုယ်ခန္ဓာတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ (၁၅၄)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှု

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇွန် ၁ ရက်မှ ၁၈ ရက်အတွင်း ယာဉ်တိုက်မှု ၁၈ မှု၊ တိမ်းမှောက်မှု ငါးမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၆ ဦး၊ ဒဏ်ရာရသူ ၈၄ ဦးရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များအနက်မှ သေဆုံးဒဏ်ရာရရှိမှုများပြားခဲ့သည့် ဖြစ်စဉ်တစ်ခုမှာ ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက ကျောက်တန်း-ရန်ကုန်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၂က/...သည် အောင်မင်္ဂလာအဝေးပြေးမှ ကျောက်တန်းမြို့သို့ ပြန်လာပြီး သန်လျင်မြို့ ဂိတ်ဝမှတ်တိုင်၌ ခရီးသည်အတင်အချပြုလုပ်နေစဉ် ကျောင်းကြီး/ပို့ယာဉ်အမှတ် အ/...က အနောက်မှ ဝင်ရောက်တိုက်ခဲ့မှုကြောင့် ယာဉ်နောက်လိုက်အပါအဝင် ခရီးသည် ကျားငါးဦး၊ မ သုံးဦး စုစုပေါင်း ရှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပေးခဲ့ရမှုဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်စဉ်များတွင် ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှုနှင့် မဆင်မခြင်လမ်းဖြတ်ကူးသူများကြောင့် ဖြစ်ပွားမှုနှုန်းများကြောင်း သိရသည်။ ယာဉ်နှင့်လူကြောင့် ဆုံးရှုံးမှုများရှိခြင်းကြောင့် ယာဉ်မောင်းများအနေဖြင့် ယာဉ်မောင်းနှင်မှုမပြုမီ ယာဉ်ကြံ့ခိုင်မှုရှိ မရှိကို ကြိုတင်စစ်ဆေးရန်လိုကြောင်းနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးမှု ပိုမိုဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်ကြသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

အရှိန်လွန်ပြီး ရပ်ထားသည့်ကားကို ဝင်တိုက်မိ

ဇွန် ၁၈ ရက် ည ၁၁ နာရီခွဲက မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာအနီး မြင်းမူ၊ မန္တလေးကားလမ်းမိုင်တိုင်အမှတ် ၄၅/၀ နှင့် ၄၅/၁ အကြား မုံရွာဘက်မှ ယာဉ်မောင်း ခင်မောင်စန်း မောင်းနှင်လာသည့် ထ--ဒိုင်နာ ကြက်သွန်တင်ခြောက်ဘီးကားမှာ လမ်းယာဘက်ဘေး မြေသားလမ်းပေါ် ရပ်ထားပြီး ယာဉ်နောက်လိုက် ခင်မောင်ဝမ်းနှင့် အောင်သူတို့သည် ကားအောက်ဝင်၍ ဘက်ထရီ စစ်ဆေးနေစဉ် မန္တလေးဘက်မှ ယာဉ်မောင်း ဦးသိန်းဆွေ မောင်းနှင်သည့် ၈င--လိုက်ထရပ်ကားအဖြူမှ အရှိန်မထိန်းနိုင်ဘဲ ပွတ်တိုက်မိ၍ ခင်မောင်ဝမ်း (ဘ) ဦးချစ်မောင်မှာ သေဆုံးသွားပြီး အောင်သူဝင်း၊ခင်မောင်စန်းတို့ ဒဏ်ရာရရှိသဖြင့် မြင်းမူဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဦးသိန်းဆွေ ၅၆ နှစ် (ဘ) ဦးကျော်စိန်၊ ရတနာပုံရပ်ကွက် အမှတ် ၇ နယ်မြေ မုံရွာမြို့နေသူအား မြင်းမူရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(ကိုကိုနိုင်)

AGD BANK

ASIA GREEN DEVELOPMENT BANK LIMITED

ဂုဏ်ယူဝမ်းမြောက်ခြင်း

အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD Bank) ညောင်ရွှေဘဏ်ခွဲအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လိုက်လံ၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ ဦးစံမြ ပွဲရုံလုပ်ငန်း နန်းပန်ရပ်	၃။ ဦးအေးထွန်း ထွန်းဝင်းသစ်စက် ရိုက်ပျိုးရွာ	၅။ ဒေါ်ကြူကြူသင်း Hhupin Hotel ကံသာရပ်
၂။ ဒေါ်ရွှေရွှေ(သာဓိုးလမင်း) ဖိုးလမင်းစရမ်းချည်သီးပွဲရုံ ကံသာရပ်	၄။ ဒေါက်တာဝင်းထိန် ဆေးခန်း ဝင်းရပ်	၆။ ဦးမောင်မောင်ညွန့် Travel Services ကံသာရပ်

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာ အမှတ်(၂)နယ်မြေ၊ ပထမလမ်း၊ ဧရာဝတီ တံတားအနီး အလျား ၁၈ ပေ×အနံ ၄၂ ပေအကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အောင်မြန်မာ လက်ဖက်ရည်ဆိုင် ဟုခေါ်တွင်သော မြေကွက်နှင့်အဆောက်အအုံကို "မိသားစုတစ်စုအိမ်နှင့်မြေအမွေပုံ စီမံမှုအရ မိသားစုငါးဦးအညီအမျှ အကျိုးခံစားခွင့်လွှဲပြောင်းပေးခြင်း ကတိစာချုပ်အရ" လက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြသည့် (၁)ဦးဝင်းစိုး၊ (၂)ဦးတင်ထွဋ်၊ (၃)ဦးဇော်ဝင်း၊ (၄)ဦးနေဝင်းနှင့် (၅)ဒေါ်ဇင်မာလွင်တို့မှ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံကို ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက် အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B) — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

ဒေါ်လှလှခိုင် (LL.B) — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ်(201-A) ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

Myanmar Media Development Center (MMDC)မှ ဖွင့်လှစ်သင်ကြားပေးမည့် ရုပ်သံထုတ်လွှင့်ခြင်းဆိုင်ရာ ဒီပလိုမာသင်တန်း

Myanmar Media Development Center (MMDC) မှ [illegible] Diploma in TV Broadcasting သင်တန်း [illegible] (၁၀)လ [illegible] MRTV-4 [illegible] (၄)လ [illegible]

[illegible] Asia-Pacific Institute for Broadcasting Development (AIBD), Deutsche Welle Akademie (DW), Friedrich-Ebert-Stiftung(FES) [illegible]

သင်ကြားပေးမည့်ဘာသာရပ်များမှာ - Foundation and Introduction to Media, Pre-Production, Production Plan, Program Production, Directing, Post Production, Communication Skills, Interview Techniques, Camera and Editing, Audio and Lighting, Media Management, Broadcast Engineering တို့ဖြစ်ပါသည်။

[illegible]

Taste of TV [illegible] Diploma [illegible]
Admission Fee [illegible] Scholarship [illegible]

(၁၉-၆-၂၀၁၂) မှ (၁၀-၇-၂၀၁၂)အထိ ကျောင်းအပ်လက်ခံနေပြီ ဖြစ်ပါသည်။

ရုံးလိပ်စာ - [illegible] ရန်ကုန်မြို့။ ဖုန်းနံပါတ် - ၅၃၄၃၅၉၊ ၅၁၀၁၃၁၄(Ext: 552) Fax: 505164

သင်တန်းကျောင်း - အခန်းနံပါတ် (T 308 - 309), [illegible] Junction Square၊ [illegible] ရန်ကုန်မြို့။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ခါတော်မှီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် ၆၃၅၊ ဧရိယာပေ ၄၀×ပေ ၆၀ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (မြို့/မြေ)ဌာနတွင် ဒေါ်ခင်မလေး ၁၂/မရက(နိုင်)၁၂၆၃၂၆ မှ အမည်ပေါက်ပြီး ၎င်း၏ ၂၅-၁-၂၀၁၂ နေ့စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၀၂/၂၀၁၂ ရရှိသူ ဒေါ်မသန်းစော ၁၁/ဘသတ(နိုင်) ၀၀၇၈၅၀ က လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံထားသောကြောင့် ကျွန်တော်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ(LL.B., D.B.L) — **အထက်တန်းရှေ့နေ(စဉ်-၂၈၆၄၁)**

ဒေါ်ခင်မာနွယ်(LL.B., D.B.L) — **အထက်တန်းရှေ့နေ(စဉ်-၃၁၀၇၀)**

အမှတ် ၁၃၁၊ ၄၆လမ်း(အထက်)၊ (၁၀ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၇၊ အခန်းအမှတ် ၅၀၂(ပဉ္စမထပ်)၊ အကျယ်အဝန်း ၁၂½ပေ×၅၅ ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် တပ်ဆင်ထားသောဖုန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးရဲဝင်းထွန်း ၁၂/ဗဟန(နိုင်)၀၈၇၆၁၂ နှင့် ဒေါ်အေးစန္ဒာမြင့် ၁၂/တမန(နိုင်) ၁၀၃၃၆၃ တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း(ခ)ဦးငွေသိန်း
LL.B,D.B.L, D.I.L, DA (Psy:) (စဉ်-၇၃၄၂)
တရားလွှတ်တော်ရှေ့နေ

ဒေါ်မြမြဦး
LL.B,LL.M (စဉ်-၂၂၅၇၈)
အထက်တန်းရှေ့နေ

အမှတ် ၅၀(ပထမထပ်)၊ အခန်း E-11၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၂၄၀၉၅၆၊ ၀၉-၅၁၇၂၉၀၂၊ ၀၉-၄၃၀၇၉၀၄၁

ဖခင် အမည်မှန်

စမ်းချောင်းမြို့နယ်၊ အထက(၄)စမ်းချောင်း၊ ဆဋ္ဌမတန်း (B)မှ မောင်ဇေယျာလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝမ်းယဉ်ထွန်း မှတ်ပုံတင်အမှတ် ၁၂/ဗတထ(နိုင်)၀၁၇၆၃၈ ဖြစ်ပါသည်။

DMA Approved
UNIQUE MARINE TRAINING CENTER
BST (4 Tickets) နှင့် Presea (Deck & Engine) Rating

[illegible]

BST (4 Tickets) - ၂၃-၆-၂၀၁၂ [illegible]
Presea - ၂၃-၆-၂၀၁၂ [illegible]

[illegible]

[illegible]

[illegible] (LL.B.) [illegible]

[illegible]

ပျောက်ဆုံးကြောင်း

ကျွန်မ မဟေမာန်စိုး၏ Passport No.M012046 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၁-၄၀၁၃၃၄

အမည်ပြောင်းလဲခေါ်ပါရန်

